

ဝန်ဇင်း
Read on the move
နတ်သမီး
ရသကမ်းသစ်

# ရသကမ်းသစ်

## အခန်း (၁)

"ရှင်မင်းသွယ်"

ခေါ်သံကြောင့် ရှင်မင်း ခေါင်းလေးလှည့်ကြည့်မိတော့ ဒေါ်မေရှူးအခန်းထဲအထိလှမ်းဝင်လာတာ မြင်သည်။

ကိုယ့်ရဲ့ အလုပ်ရှင်သူဌေးဆိုသော အသိနှင့်ရှင်မင်းကောချောရူပါပါထမင်းဘူးတွေ ဖွင့်စားနေရာက ချက်ချင်း ထရပ်မိကြသည်။

"မမဘာခိုင်းချင်လို့လဲဟင်"

ရှင်မင်းလက်ကလေး နောက်ပစ်ထားရင်း ခေါင်းလေးညွှတ်ကာ မေးမိ၏ ။ ရှင်မင်းတို့အနားရောက်လာသော ဒေါ်မေရှူးမျက်ဝန်း တွေ ကစားပွဲပေါ်ကစားလက်စထမင်းချိုင့်တွေ ကို မြင်တွေ့သွားခဲ့ကာ

"ရတယ်ထိုင်ထိုင်၊ရှင်မင်းထမင်းစားပြီးရင်မမဆီခဏလာခဲ့ပါ"

"ဟုတ်ကဲ့မမ"

ဒေါ်မေရှူး ပြန်ထွက်သွားတော့မှရှင်မင်းတို့ ပြန်ထိုင်ကာစားလက်စထမင်းကိုခပ်သွက်သွက်လေးစားလိုက်ကြသည်။

"နင့်ကိုဘာခိုင်းဦးမလို့လဲမသိဘူး"

ချောရူပါ ပြောတော့ရှင်မင်း ခေါင်းလေးခါပြမိသည်။ရှင်မင်းအ ဖြစ်ကသူများရုံးစတပ်တွေ လိုကုလားထိုင်လေးနှင့်ငြိမ့်ငြိမ့်လေးထိုင်ကာအလုပ်လုပ်ရသော တာဝန်မျိုးမဟုတ်ပါ။

ရှင်မင်းကပညာရေး ဘွဲ့အပြင်သာဘာစကား လေးမျိုးတတ်ကျွမ်းထားသူ။

ဒါကြောင့် လည်း ဒေါ်မေရှုးကအားကိုးသည်။သူမရဲ့ ကိုယ်ရေး အရာရှိအပြင်ဒရိုင်ဘာတာဝန်ကိုပါထမ်းဆောင်ပေးရတာ မျိုးရှိသည်။

လစာငွေကသုံးသိန်းဆိုတော့လည်းမက်မောလောက်စရာမို့အစစအရာရာကြိုး စား၍ ခိုင်းသမျှကိုလည်းမမောတမ်းလုပ်ကိုင်ပေးရခြင်း ဖြစ်သည်။

ဒေါ်မေရှုး တစ်ယောက် စာရင်းဇယားအတွက်ကွန်ပျူ တာတစ်လုံးနှင့်အလုပ်ရှုပ်နေလျှင်ရှင်မင်းကပါစာရင်းကိုင်ခန့်ခွဲမှု ကိုအပိုတာဝန်အ ဖြစ်ဆောင်ရွက်ပေးရတတ်သေးသည်။

အိမ်ပြန်ရောက်တော့ မေမေ့ရဲ့ အိမ်အလုပ်တွေ ကိုရှင်မင်းဘာတစ်ခုမှမကူညီနိုင်ပါ။ကုမ္ပဏီဝတ်စုံကိုလဲကာ ရေကိုကပျာကသီချိုး၊ မေမေအသင့်ခူးပေးထားသော ထမင်းကိုစားပြီးသည်နှင့်လူကအိပ်ချင်နေပြီ။

အိပ်ရာထဲဒိုင်ဗင်ထိုးဝင်ခဲ့ရသော နေ့ရက်များ စွာ ကိုရင်ဆိုင် ဖြတ်ကျော်ခဲ့ရသည့်ရက်တွေ များ ခဲ့ပြီ။

''ရှင်မင်း မြန်မြန်သွားလိုက်ဦး၊ တော် ကြာအပျိုကြီး ဒေါကန် နေဦးမယ်၊သွားချ င့်တွေ ငါသိမ်းပေးထားမယ်''

ချောရူပါသတိပေးမှအတွေ းစလေး ဖြတ်ကာရှင်မင်းရုံးခန်းထဲကထွက်ခဲ့သည်။

ဒေါ်မေရှုးကအသက်သုံးဆယ်စွန်းစပဲရှိသေးသူမို့လှပကျော့ရှင်းပြီးနုပျိုဆဲရှိသူ ဖြစ်သည်။ အောင်မြင်သော ကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးပီပီအမြဲတမ်းလိုလိုမျက်နှာထားကခပ်တင်းတင်းလေးရှိတတ်သည်။

မိတ်ကပ်ပါးပါးလေးသာ ခြယ်သထားတတ်သော မျက်နှာကအရယ်အပြုံး ကင်းစင်ပေမယ့် ချောမောရှင်းသန့်ပါသည်။မျက်နှာသွင် ပြင်ကောခန္ဓာကိုယ်အချ းအဆစ်ပါအပြစ်ဆိုရက်စရာမရှိသော ဒေါ် မေရှုးသည်ဘယ်ယောကျ်ားကိုမှစိတ်အာရုံဝင်စားသူမဟုတ်ပါ။

သူမဘဝကသူမရဲ့ အလုပ်တာဝန်တွေ ထဲမှာ ပဲနှစ်မြုပ်နေတာ ဖြစ်၏ ။ မေရှုးကုမ္ပဏီကထုတ်လုပ်သော အလှကုန်ပစ္စည်းတွေ ကို မြန်မာပြည်မှာ မကဘဲ ပြည်ပအထိတင်ပို့နိုင်အောင်ကြိုး စားနေသည်။

ဒေါ်မေရှုးရဲ့ ကြိုး စားမှု နှင့်အရည်အချင်းကိုတော့ရှင်မင်း လေးစားအထင်ကြီးမိတာတော့အမှန်ပဲ ဖြစ်သည်။

ဒေါ်မေရှုးရဲ့ ကြိုး စားမှု နှင့်အရည်အချင်းကိုတော့ရှင်မင်း လေးစားအထင်ကြီးမိတာတော့အမှန်ပဲ ဖြစ်သည်။

ဒေါ်မေရှုးရဲ့ ရုံးခန်းတံခါးက စေ့ပိတ်ထားရုံမို့ရှင်မင်းအသာ လေးတွန်းဖွင့်ဝင်ခဲ့သည်။စားပွဲထိပ်က ကျောမှီလည်သာထိုင်ခုံမှာ ထိုင်နေသော ဒေါ်မေရှုးဝတ်ဆင်ထားတာကအပွင့်အခက်လေးတွေ ပါ သော အပျော့သားကြည်ပြာရောင် ဝမ်းဆက်လေးနှင့်ရှင်းရှင်းလေးလှနေ၏ ။

''မမရှင်မင်း ရောက်ပါပြီ''

''အေး ကောင်းပြီ၊ရှင်မင်းသွယ်ခဏထိုင်ဦး''

စားပွဲရှေ့ကထိုင်ခုံလေးမှာ ရှင်မင်းဝင်ထိုင်သည်အထိ ဒေါ် မေရှုး မော်မကြည့်နိုင်သေးဘဲစားပွဲပေါ်ကဖိုင်တွေ ကိုအာရုံရောက်နေခဲ့သည်။ခဏကြာမှဖိုင်တွဲ ကိုပိတ်သိမ်းကာရှင်မင်းကို မော့ကြည့်သည်။

''ရှင်မင်းမမ ပြောတာအသေအချာနားထောင်''

''ဟုတ်ကဲ့ပါမမ''

''မနက်ဖြန် လေယာဉ်ကွင်းမှာ မင်းဧည့်သည် တစ်ယောက် သွားကြိုပေးရမယ်၊ မမကအစည်းအဝေးအတွက်မနက်ဖြန်မ ဖြစ်မနေ နေပြည်တော် သွားရမှာ မို့ဧည့်သည်ကိုတည်းခိုဖို့ကိစ္စနဲ့အစစ ပြည့်စုံ အောင်ရှင်မင်းစီစဉ်ပေးပါ''

''ဟုတ်ကဲ့''

ရှင်မင်း ခေါင်းလေးညိတ်ပြီးနားထောင်နေမှ ဒေါ်မေရှူးဆက် ပြောသည်။

"ဧည့်သည်ကအမေရိကားကနေလာတဲ့သူ၊ ဟောဒီစာရွက်ထဲမှာ သူ့နာမည် ၊ ပတ်စ်ပို့နံပါတ်ပါတယ်၊ သေသေချာချာမှတ်သားပြီးမင်းသွားကြိုလိုက်နော်၊မမ နေပြည်တော်က ပြန်ရောက်မှလာ တွေ့ပါ့မယ်လို့ရှင်မင်းတင်ပြထားလိုက်၊မမရဲ့ ခရီးအတွက်ရှင်မင်းသွယ်ကိုယ်စား ချော်ရှူပါကို ခေါ်သွားလိုက်မယ်"

"ဟုတ်ကဲ့မမ၊ဟိုဧည့်သည်ကိုတည်းခိုဖို့ဘယ်မှာ စီစဉ် ပေးရမှာ လဲဟင်"

"Green Jade ဟိုတယ်မှာ ကြိုတင်စာရင်းပေးထားလိုက်၊သူကဒီမှာ ခြောက်လ နေမယ်၊မမတို့ကုမ္ပဏီနဲ့လုပ်ငန်းကိစ္စတွေ ဈေးကွက်ကိစ္စတွေ စီစဉ်ကြမှာ ဆိုတော့ ခြောက်လဆိုပေမယ့်သက်တမ်းတိုးချင်တိုးရမယ်ထင်တယ်"

အမြဲတမ်းမျက်နှာတင်းတင်းနှင့်စကားပြောတတ်သော ဒေါ်မေရှူးဒီတစ်ခါတော့နှုတ်ခမ်းဖူးဖူးလေးတွေ မှာ အပြုံး ရိပ်လေးတွေ သမ်းနေသည်။

"ဧည့်သည်သွားလာဖို့အတွက်မမစီးနေကျကားကိုပဲမင်းယူသုံးပါ၊အရေးကြီးတာကဧည့်သည်အတွက်ဘာတစ်ခုမှမလစ်ဟင်းရအောင်မင်းဂရုစိုက်ပေးဖို့ပဲ"

အမှာ စကားတွေ မရပ်မနားပြောပြီးစားပွဲပေါ်ကဖိုင်ကတစ်ထပ်ကိုရှင်မင်းဆီကမ်းပေးနေတာမို့လှမ်းယူလိုက်ရသ

မနက်ဖြန် ရောက်လာမည့် ဧည့်သည်သည်အရေး ပါသော ပုဂ္ဂိုလ်မှန်းရှင်မင်းရိပ်မိပါသည်။ဘယ်တုန်းကမှ ဒေါ်မေရှူးကသူမစီးသော CYGNUS ကားနက်ကြီးကိုတခြားသူကိုမစီးခိုင်းတတ်ပါ။

အခုတော့အရေး ပါသော ဧည့်သည် တစ်ယောက် မို့ကြည်ဖြူစွာ ခွင့်ပြုနေတာပဲ ဖြစ်မည် ။

"မနက်ဖြန်ကျရင်မမကိုမင်းလိုက်မပို့နဲ့တော့၊ဒီနေ့ရုံးကိစ္စ တွေ ပြီးတာနဲ့ကားကိုတစ်ခါတည်းယူသွားလိုက်"

"ဟို လေယာဉ်က နေ့လယ်မှမဟုတ်လားမမ၊ မနက်ကျမှရှင်မင်းကားကိုလာယူလို့ရပါတယ်၊မမအိမ်ကိုရှင်မင်းလာခဲ့မယ် လေ"

"ရတယ်အခုတစ်ခါတည်းမင်းယူထားပါ၊ရှင်မင်းကိုမမစိတ်ချတယ်၊ ဧည့်သည်အတွက်ဘာမှလိုလေသေးမရှိ ဖြစ်ပါစေ၊ဒီမှာ မင်းလိုတာသုံးဖို့ဘဏ်ကဒ်၊ ယူထားလိုက်"

ဒေါ်မေရှူး ပြောသမျှရှင်မင်း ခေါင်းလေးညိတ်နာခံရင်းလှမ်းပေးနေသော ဘဏ်ကဒ်လေးကိုအင်္ကျီအိတ်ကပ်ထဲအသေအချာထည့်လိုက်သည်။

"မမဘာမှစရာရှိသေးလဲဟင်"

"ရပြီရှင်မင်း၊အဲမနက်ဖြန် နေ့လယ် လေယာဉ်ကွင်းမှာ ဧည့်သည်ကိုသွားကြို ပြီးတာနဲ့မမဆီကိုမင်းဖုန်းဆက်ဦးနော်"

"ဟုတ်ကဲ့စိတ်ချပါမမ"

"အိုကေရပြီ၊မင်းသွားတော့ရှင်မင်း"

ရှင်မင်း ခေါင်းလေးညိတ်ပြကာဖိုင်တွဲ လေးကိုင်ပြီးမမရှေ့ကခပ်ရို့ရို့လေးထွက်ခဲ့သည်။

"မေရှူးကုမ္ပဏီ"ကြီးမှာ ရှင်မင်းအလုပ်ဝင်ခဲ့သည့်သုံးနှစ် တာကာလလုံးမှာ အလုပ်နှင့်ပတ်သက်ပြီးဘာအမှား းတစ်ခုမှမရှိခဲ့ပါ။ ဒေါ်မေရှူး စေခိုင်းသမျှလည်းတာဝန်ကျေပွန်ခဲ့တာမို့ရှင်မင်းကိုအားကိုးယုံကြည်သည်။

အခုလည်း ဒေါ်မေရှူးကိုယ်တိုင်တာဝန်ပေး စေခိုင်းသည့်ကိစ္စမို့ရှင်မင်းအဆင်ပြေအောင် ဆောင်ရွက်စေဖို့အသင့်ရှိရပါဦးမည် ။

*

# အခန်း (၂)

မင်္ဂလာဒုံ လေယာဉ်ကွင်းကို ရောက်တော့ လေဆိပ်၏ ကားပါကင်မှာ ရှင်မင်းCYGNUSကားကြီးကိုစနစ်တကျလေးထိုးရပ်လိုက်သည်။

ညွှေကြိုရန် လေဆိပ်ထဲဝင်ပြီးဝင်ခွင့်ဖြည့်သည်။ရှင်မင်းကြိုရမည့် အမည်နှင့်ကြိုဆိုသူအမည် တွေ ကိုကဒ်ပြားလေးမှာ ရေး ကာကိုယ်စားလှယ်ငှားလိုက်သည်။

အရင်ကလည်းကုမ္ပဏီရဲ့ ညွှေသည်တွေ ကိုရှင်မင်းပဲကြိုဆိုခဲ့ရတာမို့အခက်အခဲတော့မရှိပါ။အားလုံးအဆင်ပြေ ချောမွေ့သွားခဲ့၏ ။

လေယာဉ်ဆိုက်ချိန်လိုသေးတာမို့ညွှေကြိုခန်းမထဲကခုံလေးမှာ ရှင်မင်း ပေါ့ပါးစွာ ပဲထိုင်နေလိုက်သည်။ကိုယ်စားလှယ်ငှားကာလွှဲထားသည်မို့ရှင်မင်းနာမည် ကဒ်ပြားလေးကိုင်ကာ စောင့်နေရုံပဲ ဖြစ်သည်။

အနားမှာ ဒေါ်မေရှုးပါမလာတာမို့လည်းရှင်မင်းအတွက်လွတ်လပ်ပေါ့ပါးမှု ရှိနေတာအမှန်။ ဒေါ်မေရှုးနှင့် နေပြည်တော် ခရီးပါသွားရာသည့် ချောရူပါခမြာတော့အခုလောက်ဆိုအလွန်စိတ်ညစ် နေမှာ မြင်ယောင်ကာ ပြုံး မိသေးသည်။

အပျိုကြီးပီပီဇီဇာကြောင်ပြီးအလုပ်ကိုမနားမနေခိုင်းတတ်တာကြောင့် ကုမ္ပဏီဝန်ထမ်းတွေ ဒေါ်မေရှုးကို ကြောက်ကြသည်။ကွယ်ရာမှာ ဒေါ်မေရှုးအကြောင်းအတင်းပြောတတ်ကြတာကိုလည်းရှင်မင်းအသိပါပဲ။

ရှင်မင်း ကတော့မမမေရှုးအကြောင်းသိတာမို့ဆက်ဆံ ပေါင်းသင်းတတ်ပါသည်။ ချောရူပါတို့ ကတော့ ဒေါ်မေရှုးဆိုလျှင်မျက်နှာချင်းဆိုင်ဖို့တောင်ခပ်ရွံ့ရွံ့ ဖြစ်နေတတ်သူတွေ ။

"ငါတော့ သေသာ သေလိုက်ချင်တာပဲဟယ်၊နင့်ကိုယ်စားသူနဲ့အတူ နေပြည်တော် လိုက်ခိုင်းနေပြီ၊အဆူအပူအအော်အငေါက် တော့ခံရတော့မှာ သေချာတယ်"

"သူ့အရိပ်အကဲကြည့်ပြီးခိုင်းတာလုပ်ပေးလိုက် ပေါ့ဟာ၊

ဒါဆိုဘာမှကြောက်စရာမရှိဘူး''

''ဟဲ့နင်ကရိုးနေပြီလေ၊ငါကတစ်ခါတလေမှလိုက်ဖူးတာ၊ ဟိုတစ်ခါမန္တလေးခရီးကတည်းကဆလံသသွားတာ၊ မမမျက်နှာတည်တည်ကြီးမြင်ကတည်းကငါကအလိုလို ကြောက်နေတာဟ၊ဒီ တော့သူခိုင်းရင်တလွဲတွေ လုပ်မိကုန်ရော၊အခုလည်းကြိုတွေ းပြီး ကြောက်နေပြီ''

မနေ့ညနေက ချောရူပါဆိုခဲ့သော စကားတွေ ပြန်တွေ းမိရင်းရှင်မင်း ပြုံး မိသည်။အခုလောက်ဆို ချောရူပါ တစ်ယောက် ဒေါ်မေရှုးနှင့်ဘယ်လိုနစ် ပါးသွားနေပြီလဲမသိ။

''ဟဲ့ရှင်မင်း''

ခေါ်သံနှင့်အတူပခုံးကိုပုတ်လာသော အထိအတွေ ့ကြောင့် အတွေ းတွေ ပျက်ကာ မော့ကြည့်မိတော့

''ဟယ်ချိုမာ၊နင်ဘယ်လာတာလဲ၊ငါလုံးဝမမြင်ဘူးဟာ ဆောရီး''

ကျောင်းမှာ တုန်းကအချစ်ဆုံးသူငယ်ချင်း ဖြစ်ခဲ့သော ချိုမာကရှင်မင်း ရှေ့တည့်တည့်ကြီးမှာ ရောက်နေတာမို့ဝမ်းသာအားရထရပ်ရင်းဆိုမိသည်။

''ငါကဟိုးအပေါက်ဝမှာ ရပ်နေတာ၊နင့်ကိုလှမ်းမြင်တော့နင်ကလည်း ပြုံး ပြနေတော့ မြင်တယ်ထင်တာပေ့ါ၊တကတည်းဘာတွေ စဉ်းစားပြီးဘာတွေ ပြုံး နေတာလဲဟယ်''

''ဘာရယ်မဟုတ်ပါဘူးဟာ၊အလုပ်ကသူငယ်ချင်းအကြောင်း တွေ းပြီး ပြုံး မိလို့ပါ၊အခုငါတို့ကုမ္ပဏီကဧည့်သည်ကိုလာကြိုတာလေ၊ငါ့ ဘော့စ်ကခိုင်းလို့ နင်ကောဘာလာလုပ်တာလဲချိုမာ''

''ငါ့အမျိုးသားကိုလာကြိုတာဟ၊ရှင်မင်းနင်က ကျောင်းသူဘဝတုန်းက ထက်တောင် ပိုလှလာသေးတယ်''

''အံမယ်သူငယ်ချင်းအချင်းချင်း မြှောက်နေပြန်ပြီ''

''တကယ် ပြောတာရှင်မင်းရဲ့၊မတွေ့ ဖြစ်တာအတော် ကြာပြီပဲ၊ ဒါနဲ့နင်အခုအရင်အတိုင်းပဲလား''

''အရင်အတိုင်းပဲပေါ့၊ဒါမကောင်းဘူးလား''

ကျောင်းမှာ ကတည်းကချစ်သူရည်းစားမထားဘဲဘယ် ယောကျ်ားကိုမှစိတ်မဝင်စားသည့်ရှင်မင်းကိုချိုမာပြုံး ကြည့်ရင်း

''ဟင့်အင်းဘယ်ကောင်းမလဲဟ၊သီးချိန်တန်သီးပွင့်ချိန်တန်ပွင့်ရမယ်လေဟာ''

''အဟင်းဟင်း''

ချိုမာစကားကိုသဘောကျသွားသလိုရှင်မင်းအသံလေးထွက်ရယ်မိတုန်းမှာ ပဲကလေးလေး တစ်ယောက် ချိုမာ့စကပ်ကိုဆွဲကာ ခေါ်နေ၏ ။

''မားမားမားမား''

''သြော်သားလေး၊လာလာ''

သုံးနှစ် ကျော်မျှသာရှိသေးပုံရသော ကလေးငယ်လေးကိုချိုမာ ပွေ့ချီတော့မှရှင်မင်းမျက်ဝန်းလေးတွေ ပြူး သွားမိရင်း

''ဟဲ့ချိုမာဒါနင့်ပစ္စည်းလေးလား''

''ဟုတ်တယ်လေ၊သုံးနှစ် ခွဲရှိပြီ''

''ဟွန်း မွေးချက်ကလည်း မြန်ပါ့ဟယ်''

ပါးလေးတွေ မို့မို့ကစ်ကစ်လေးနှင့်ချစ်စရာကောင်းသော ကလေးငယ်လေးပါးတစ်ဖက်ကိုရှင်မင်းအသာလေးဆွဲလိမ်ရင်းဆို တော့ချိုမာ ပြုံး နေရင်းမှ

''ရှင်ကအခုထိမစွံသေးဘဲသူများ ကြီးပွားတာကိုမနာလို ဖြစ်နေတာမလား၊ မကျေနပ်ရင်ရှင်အမြန်ယူပြလိုက်လေရှင်မင်းရဲ့ ''

ကျောင်းတုန်းကလိုပဲနှစ် ယောက် သား

ပြောမနာဆိုမနာခွန်းတုံ့ပြန်နေမိကြသည်။မဆုံ

ဖြစ်ကြတာကြာပေမယ့်သံယောဇဉ်နှင့်ခင်မင်မှု တွေ ကရင်မှာ ခိုင်မြဲနေဆဲ။

"ရှင်မင်းရှင်ရည်းစားတော့ရှိနေလောက်ပြီထင်တယ်"

"ငါ့မှာ ဒါတွေ စဉ်းစားဖို့အချိန်မရှိပါဘူးချိုမာရယ်"

"ဟင်နင်တကယ်ပြောနေတာလားရှင်မင်း၊

ဒါဆိုနင်အခုထိမစွံသေးဘူးပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဆို၊နင်က နောက်နေတယ်ထင်လို့လား"

ရှင်မင်း ပြုံး ပြုံး လေး ပြန်ပြောတော့ချိုမာ ခေါင်းလေးညိတ်ပြသည်။

အကြည့်တွေ ကရှင်မင်းမျက်နှာကိုမမိုတ်မသုန် ေးကြည့်ရင်း

"အေးငါအရမ်းအံ့ဩနေတာပေါ့၊နင့်လိုအပြစ်ဆိုရက်စရာမရှိအောင်

ချောတဲ့သူကအခုထိရည်းစားတောင်မရှိတာမယုံစရာဘဲ၊ ကျောင်းမှာ

တုန်းကတည်းကမာခဲ့တဲ့အသည်းကအခုထိမာတုန်းပေါ့ လေ"

ချိုမာစကားကိုခွန်းတုံ့မပြန်ဘဲချို

မာလက်ထဲကသားသားကိုရှင်မင်းလှမ်းချီတော့ကလေးကမရုန်းဘဲလိုက်လာ၏ ။

ချိုမာစကားတွေ ဖောင်ဖွဲ့အောင် ပြောသည်။

ကျောင်းတုန်းကရှင်မင်းအချစ်ကိုအရူးအမူးကြိုး စားဖူးသည့် ကျောင်းသားတွေ အ

ကြောင်းလည်း ပြန်ပြောနေသည်။

ကျောင်းသားအားလုံးကတညီတညွတ်တည်းအလှဘုရင်မဘွဲ့ပေးကာရှင်မင်းအင

ခဲ့ကြတာသတိရမိသည်။ဒါပေမဲ့ ကျောင်းပြီးသည်အထိရှင်မင်းရည်းစားမထားခဲ့ပါ။

ရှင်မင်းဘဝမှာ ပညာရေး ကအဓိကပြီးတော့တစ်ဦးတည်း သော နောင်တွယ်ရာ

မေမေကလွဲပြီးရင်ထဲမှာ ဘယ်သူမှမရှိခဲ့ပါ။အခုတော့ မေမေ့ရဲ့ ကျေးဇူးတွေ ကိုရှင်မင်း

ပြန်ပေးဆပ်ရင်းအရာရာကိုဥပေက္ခာပြုထားခဲ့တာကြာပြီ။

ရှင်မင်းရင်ခွင်ထဲကသားသားလေးမနေချင်တော့ဘဲရုန်းကန်တော့မှချူ
မာကလေးကိုပြန်ယူပွေ့ချီရင်း

''နင်နဲ့ပြန်ဆုံတော့ ကျောင်းတုန်းကအ ဖြစ်တွေ ကို ပြန်သတိရတယ်ရှင်မင်း''

''ဘာလဲ ကျောင်းတုန်းကနင့်အဆက်ဟောင်းကြီးကို ပြန်သတိရလိုက်လို့လားချူ
မာ''

''ကြံကြီးစည်ကာရှင်မင်းရယ်၊ရှင့်အကြောင်းလေ ကျောင်းမှာ
အလှမယ်ဘွဲ့ရထားပြီးဝိုင်းဝိုင်းလည်နေတဲ့ ယောကျာ်းတွေ
ကိုကန်တော့ဆွမ်းပြောလွှတ်ခဲ့တာကို တွေ းနေမိတာ၊ သေးလွန်းလျှင်မလှ၊
ရှေးလွန်းလျှင်မရတဲ့၊ကြည့်လည်း ရှေးဦးနော်၊ တော် ကြာ ရှေးလွန်းလို့အပျို
ဟိုင်းကြီးဘဝပိုင်ဆိုင်နေဦးမယ်''

''အဲဒါဆိုလည်း ကောင်းတာပေါ့ချူမာရဲ့ ၊
ငါကိုယ်တိုင်ကဘယ်ယောကျာ်းလေးကိုမှရင်ခုန်လို့မှမရတာ ဘဲ''

ရှင်မင်းပြုံး ပြုံး လေး ပြောတော့ချူမာမျက်ခုံးတန်းတန်း လေးတွေ စုကျုံ့
သွားရင်း

''ဒါဆိုအခုရှင့်ကုမ္ပဏီက တစ်ယောက် နဲ့မှရင်မခုန်တတ်ဘူးလား''

''အမလေးချူမာရယ်၊ငါတို့ကုမ္ပဏီ ဘော့စ်ကအပျိုကြီးမမလေ၊
ခန့်ထားတဲ့ရုံးဝန်ထမ်းအားလုံးအပျိုစင်လေးတွေ ချည်းပဲ၊
ယောကျာ်းဆိုရင်ဒရိုင်ဘာတောင်မခန့်ချင်လို့ကိုယ်တိုင်ကားမောင်းကျွမ်းကျင်ဝန်ထမ်းပဲခန့်ထား
အခုတောင်မှ ပြည်ပကဧည့်ကြိုဆိုရေး လည်းငါပဲ၊ယာဉ်မောင်းလည်းငါပဲသူငယ်ချင်းရေ၊
တို့ရုံးဌာနမှာ ယောကျာ်းဆိုလို့မှုးလို့တောင်ရှာစရာမရှိဘူး''

ရှင်မင်းစကားကိုချူမာအံ့ဩသလိုငြိမ်သက်နားထောင်

နေရင်းမျက်နှာလေးမဲ့ကျသွားခဲ့သည်။

''ဒါဆိုနင်တို့သူဌေးမမကဂွတီးဂွကျနုပ်ချီးမမပဲ ဖြစ်မယ်''

''အံမယ်ဒီလိုတော့နိပ်ကွပ်စကားမပြောပါနဲ့ဟာ၊
မမကလုပ်ရည်ကိုင်ရည်ရှိလို့ငါကအားကျလေးစားနေရတာ ချိုမာရဲ့ ''

ကိုယ့်အလုပ်ရှင်သူဌေးမမဘက်ကရှင်မင်းကာကွယ်စကား လေးဆိုမိတော့ချိုမာ
ခေါင်းလေးတညိတ်ညိတ်နှင့်

''အေးပေါ့ အေးပေါ့နင်တို့သူဌေးအပျို
ကြီးမမကိုကြည့်ပြီးနင်တို့လည်းဂွတီးဂွကျအပျိုလေးမမတွေ ပဲ ဖြစ်လာတော့မှာ
ပေါ့အဟင်းဟင်း''

နှစ် ယောက် သားသဘောကျစွာ ရယ်မောနေမိကြတုန်းမှာ ပဲ
လေယာဉ်ဆိုက်ကပ်တော့မည့် အကြောင်း
ကြေညာသံထွက်လာတာမို့လူချင်းခွာဖို့သတိရမိတော့သည်။

''လေယာဉ်ဝင်ခါနီး ပြီးဟာ၊ရှင်မင်းငါသွားတော့မယ်၊ နေဦးနင့်ကို
ပြောဖို့တစ်ခုကျန်သေးတယ်၊ငါ့အမျိုးသားမှာ သူငယ်ချင်း တစ်ယောက် ရှိတယ်၊
တစ်ခါလောက်နင်နဲ့မိတ်ဆက်ပေးမယ်၊အဲဒီ အခါကျနင်ရင်ခုန်စေရမယ်သိလား''

ချိုမာစကားကိုရှင်မင်းပြုံး ပြုံး လေးနှင့်ပဲတုံ့ပြန်လိုက်ပါသည်။ချို
မာကသားသားကို ပွေ့ချီရင်းရှင်မင်းဆီကလိပ်စာတောင်း
နေတာမို့လက်ကိုင်အိတ်ထဲကလိပ်စာကဒ်လေးကမ်းပေးလိုက် ရသည်။

''သွားပြီရှင်မင်းရေ မောင့်အထက်လူကြီးပါပါလာမှာ မို့ နောက်မှဆုံကြမယ်ဟာ''

ရှင်မင်း ခေါင်းလေးညိတ်ပြကာအဝင်အထွက်တံခါးပေါက်ဆီလှမ်းခဲ့၏ ။ချို
မာခင်ပွန်း ဖြစ်သူကိုမင်္ဂလာပွဲမှာ တစ်ခါဆုံဖူးပေမယ့်ထပ်မဆုံ ဖြစ်ပါ။ကိုယ့်မှာ
လည်းတာဝန်တွေ နဲ့မို့ချိုမာနားလည်ပေးတာကိုပဲ ကျေးဇူးတင်ရတော့မည် ။

ရှင်မင်းကြို့ခိုင်းလိုက်သော ကိုယ်စားလှယ်ကခဏအကြာမှာ

ခရီးဆောင်လက်ဆွဲ သေတ္တာကြီးနှစ် လုံးကိုလက်တွန်းလှည်းပေါ်တင်ကာထွက်လာ၏ ။ ထိုသူ့အနောက်မှာ ကပ်ပါလာသော ဧည့်သည်ကိုရှင်မင်းစူးစူးလေးစိုက်ကြည့်မိ၏ ။

ရှင်မင်းမျက်ဝန်းလေးတွေ ဝိုင်းစက်အံ့ဩသွားမိတာတော့အမှန်ပဲ ဖြစ်သည်။

ရှင်မင်းထင်ထားမိသည်ကမစ္စတာရိုလန်ဆိုတာနိုင်ငံခြားသားပီပီရုပ်သွင်နှင့်အသ လိပ်ဟု တွေ းခဲ့တာ ဖြစ်၏ ။

အခု မြင်လိုက်ရသည်ကရှင်မင်းထက်အသက်ကြီးလှမှနှစ် နှစ် သုံးနှစ် ပဲရှိလိမ့်မည် ။ မြင့်မြင့်မားမားအရပ်အမောင်းကြောင့် အားလုံးထဲမှာ ထင်းနေသည်။ မီးခိုးရောင် ကုတ်နှင့် ဘောင်းဘီရှည်ကစမတ်ကျလိုက်ဖက်သည်။

အောက်ခံရှပ်ဖြူမှာ နက်ခ်တိုင်ကအပြာနရောင် ၊အညိုရောင် သမ်းနေသော ဆံနွယ်တွေ ကလှိုင်းတွန့်ရေး ရေး နှင့်ဂုတ်မထောက်တထောက်ပဲရှည်သည်။ ဝင်းမွတ်နုညက်နေသော မျက်နှာကအနက် ရောင် မျက်မှန်ကြောင့် သူ့ မျက်ဝန်းတွေ ကိုရှင်မင်း မြင်တွေ့ အကဲခတ်ခွင့်မရှိပါ။

နှာတံကအနောက်တိုင်းသားတွေ

လိုချွန်နေတာမဟုတ်ဘဲကျစ်လစ်ပေါ်လွင်ပြီးအရှေ့တိုင်းသားဆန်သည်။နဂိုစိုလဲ့နေသော နှုတ်ခမ်းအစုံကပိပိရိရိပါပဲ။နားသယ်စပ်မှစိမ်းမြမြလေးအရိပ်ထင်နေ သော ပါးသိုင်းမုတ်ဆိတ်ရာ မွေးညှင်းနုနုတွေ ကြောင့် ပိုမိုယောကျာ်းပီသသွားတာဟုရှင်မင်းမှတ်ချက်ပြုမိသည်။

အနားရောက်လာမှမစ္စတာရိုလန်ရဲ့ မြင့်မားလှသော အရပ်အမောင်းကြောင့် ရှင်မင်း ခေါင်းလေးခပ်မော့မော့ကြည့်ရင်း

''ကောင်းသော နေ့လယ်ခင်းပါမစ္စတာရိုလန်၊ကျွန်မ မေရှူးကုမ္ပဏီရဲ့ အတွင် းရေး မှူး ရှင်မင်းသွယ်ပါ''

အင်္ဂလိပ်စကားကို လေယူလေသိမ်းမှန်ကန်ပီသစွာ

နှင့်ရှင်မင်းနှုတ်ဆက်လိုက်တာကြောင့် သူအံ့ဩသွားပုံရသည်။မျက်မှန်နက်ထဲကမျက်ဝန်းတွေ
ကိုမမြင်တွေ့ရပေမယ့်မျက်မှန်အထက်ကမျက်ခုံးတန်းတန်းတွေ
ပင့်တက်သွားတာတော့အသေအချာပါပဲ။

"ကျေးဇူးတင်ပါတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်မင်းသွယ်"

ကမ်းပေးလာသော မစ္စတာရိုလန်လက်ကိုရှင်မင်း ခေါင်း လေးညွှတ်ပြီး
ပြန်လက်ဆွဲနှုတ်ဆက်လိုက်မိသည်။သည်တော့မှရှင်မင်းသတိထားမိတာမစ္စတာရိုလန်ရဲ့
ဝင်းညက်နေသော အသားအရည် တွေ ကိုပါပဲ။

သူ့ရဲ့ အသားအရည်ကအနောက်တိုင်းသားတစ်ဦးမဟုတ်တာ သေချာ၏ ။
အရှေ့တိုင်းသား တစ်ယောက် ရဲ့ အသားအရည်လိုနုညက်ရှင်းသန့်နေ၏ ။

"ကိုယ်သိထားတာ မေရှူးကုမ္ပဏီပိုင်ရှင် ဒေါ်မေရှူးနိုင်ကိုယ်တိုင်လာကြို
မယ်လို့သိထားတာ၊သူလိုက်မလာဘူးလားမစ္စရှင်မင်းသွယ်"

မစ္စတာရိုလန် မေးတော့ရှင်မင်း ချက်ချင်း ဘာဖြေရမှန်းမသိအောင် ဖြစ်သွား၏ ။
ရှင်မင်းထင်မှတ်ထားတာ ဒေါ်မေရှူးအရေး
တကြီးခရီးထွက်သွားခဲ့တာမစ္စတာရိုလန်ကိုဖုန်းဆက်ပြောခဲ့မည် ထင်ခဲ့၏ ။

အခုတော့သူဘာမှသိပုံမရပါ။

"မစ္စရှင်မင်းသွယ်၊ကိုယ့်စကားကိုနားမလည်ဘူးလား၊စကား
ပြောအရမ်းမြန်သွားလို့လား"

မစ္စတာရိုလန်ကသူ့ရဲ့
အင်္ဂလိပ်စကားပြောကိုရှင်မင်းနားမလည်ဟုထင်မှတ်သွားကာ မေးနေတာမို့ရှင်မင်း
ခေါင်းလေးခါ ပြရင်း

"မဟုတ်ပါဘူးမစ္စတာရိုလန်၊ကျွန်မရှင်းရှင်းလင်းလင်းနားလည်ပါတယ်၊

ကျွန်မတို့သူဌေးကအစည်းအဝေးကိစ္စတစ်ခုအရေး ပေါ်ပေါ်လာလို့ဒီမနက်ကပဲ နေပြည်တော်ကိုခရီးသွားရပါတယ်၊ဒါ ကြောင့် ကျွန်မကိုတာဝန်ပေးခဲ့တာပါ၊ ဒီအတွက်ခွင့်လွှတ်နားလည်ပေးပါရှင်"

"ရတယ်ရတယ်၊ကိစ္စမရှိပါဘူး၊မင်းလာကြိုပေးတာ ကျေးဇူးပါပဲအဆင်ပြေပါတယ်"

သူကနားလည်စွာ ပြန်ပြောမှပဲရှင်မင်းစိတ်သက်သာသွားရပါသည်။ ဒေါ်မေရှူးကိုယ်တိုင်ကြိုခြင်းမဟုတ်တာကို ပြဿ နာရှာနေမှာ ပဲရှင်မင်းစိုးရိမ်မိတာ ဖြစ်၏ ။

"မစ္စတာ ကျေးဇူးပြုပြီးဒီနားကခဏစောင့်ပေးပါနော်၊ ရှင်မင်းကားပါကင်ကကားသွားယူခဲ့ပါရစေ"

လေဆိပ်အပြင်ရောက်တော့ရှင်မင်းသူ့ကိုခွင့်တောင်းသည်။သူကလည်း ခေါင်းညိတ်လက်ခံသည်။

သူ့ပစ္စည်းအိတ်တွေ သယ်ဆောင်လာသော လေဆိပ်အမှု ထမ်းလေးကိုလက်ယပ်ခေါ်ကာရှင်မင်းကားပါကင်ဆီ လျှောက်ခဲ့သည်။

မစ္စတာရိုလန် ကတော့မတ်တပ်လေးရပ်ကျန်ရစ်ခဲ့၏ ။

*

ကားကိုမစ္စတာရိုလန်ရှေ့မှာ ညင်သာစွာ ထိုးရပ်ပြီးရှင်မင်းကားတံခါးဖွင့်ဆင်းသည်အထိသူရပ်ကြည့်နေသည်။ နောက်ခန်းတံခါးကိုရှင်မင်းကိုယ်တိုင်ဖွင့်ပေးရင်း

"ထိုင်ပါမစ္စတာရိုလန်"

''ကျေးဇူးတင်ပါတယ်''

သူ နောက်ခန်းထဲမှာ

ဝင်ထိုင်မှည်ငြင်သာသာလေးပဲရှင်မင်းကားတံခါးကိုပိတ်လိုက်သည်။
ပြီးတော့မှယာဥ်မောင်းသူနေရာမှာ ပြန်ဝင်ထိုင်ကာကားကို လေဆိပ်ထဲကရှင်မင်း
မောင်းထွက်ခဲ့သည်။

မင်္ဂလာဒုံ လေဆိပ်လမ်းမကြီးပေါ်မှ ပြည်လမ်းပေါ်ချိုးကွေ့
မောင်းလာသည်အထိမစ္စတာရိုလန်တိတ်တိတ်ဆိတ်ဆိတ်ပါလာသည်။
နောက်ကြည့်မှန်ထဲကရှင်မင်းလှမ်းကြည့်တော့သူ့မျက်ဝန်း တွေ နှင့်ထိပ်တိုက်ဆုံသည်။

မျက်မှန်ချွတ်လိုက်တာမို့သူ့မျက်ဝန်းတွေ ကိုရှင်မင်းပထမဆုံး မြင်တွေ့ခွင့်ရတာ
ဖြစ်သည်။အံ့သြစရာကောင်းသည်ကသူ့မျက်ဝန်း တွေ ကအနက်ရောင် တွေ
ဖြစ်နေတာကြောင့် ပါပဲ။

အနောက်တိုင်းသားတွေ လိုမျက်သားတွေ
ပြာတာနီတာမဟုတ်မှတော့သူသည်အရှေ့တိုင်းသားတစ်ဦးပဲလား။ဒါမှမဟုတ်မိဘတွေ က
သွေးနှောနေခဲ့တာကြောင့် လားမသိ။

''ဒရိုင်ဘာ ခေါ်မလာဘဲမင်းကိုယ်တိုင် မောင်းတာလား''

ရှင်မင်းကိုယ်တိုင်ကားမောင်းနေတာကိုသူအံ့သြနေဟန်နှင့် မေးတာမို့

''ဟုတ်ကဲ့မစ္စတာဒရိုင်ဘာတာဝန်ကလည်းကျွန်မတာဝန်ပါပဲ''

''အိုးမလွယ်ပါလား၊မင်းတို့သူဌေးကဒရိုင်ဘာငှားမထားဘူး''

''ဟုတ်ကဲ့သီးသန့်ငှားမထားပါဘူး၊
ဒီလိုပဲလိုအပ်ရင်ကျွန်မတာဝန်ယူရပါတယ်မစ္စတာ''

''သြော်ဒီလိုလား၊မင်း တစ်ယောက် တည်းအလုပ်တွေ အများ
ကြီးနဲ့မပင်ပန်းဘူးလားရှင်မင်းသွယ်''

''မပင်ပန်းပါဘူးမစ္စတာ၊အဆင်ပြေပါတယ်''

မစ္စတာရိုလန်ဘာမှထပ်မပြောတော့ပေမယ့်မျက်ဝန်းတွေ ကတော့ရှင်မင်းကိုကရုဏာရိပ်တွေ နှင့်ကြည့်နေတာဘက်မှန်ထဲက မြင်နေ၏ ။

ရှင်မင်းအကြည့်တွေ ကိုကားရှေ့မြင်ကွင်းတွေ ဆီ ပြန်ပို့ရင်းကားကိုပဲဂရုစိုက် မောင်းနေလိုက်သည်။

ကားလေးက Green Jade ဟိုတယ်ဝင်းထဲချိုးကွေ့ဝင်လိုက် တော့

''ကိုယ်တည်းရမှာ ဒီဟိုတယ်မှာ လား၊ မင်းတို့ကုမ္ပဏီပိုင်ရှင်အိမ်ကအဆင်မပြေလို့လား''

''ဟုတ်ကဲ့အားနာပါတယ်မစ္စတာရိုလန်၊မစ္စတာတို့လိုနိုင်ငံခြားဧည့်သည်တွေ အတွက်ဟိုတယ်မှာ ပဲစီစဉ်ပေးပါတယ်၊ဒါကုမ္ပဏီပိုင်ရှင် ဘော့စ်ရဲ့ စည်းကမ်းပါ''

''အိုကေအိုကေကိုယ်နားလည်ပါပြီရှင်မင်းသွယ်''

ဟိုတယ်မှာ ရှင်မင်းအခန်းကြို တင်ယူထားပြီးသားမို့ဟိုတယ်မန်နေဂျာကအခန်းသော့ ထုတ်ပေးသည်။ ဟိုတယ်ဝန်ထမ်းလေးတွေ ကမစ္စတာရိုလန်၏ ပစ္စည်းတွေ ကိုအခန်းထဲအထိလိုက်ပို့ပေးသည်။

အခန်းထဲရောက်တော့မစ္စတာရိုလန်ကအခန်းထဲကိုလှည့်ပတ်ကြည့်ရှုနေတာမို့ရှင် စောင့်ပေးရသေး၏ ။ဒါကို မြင်တွေ့သတိထားမိသွားသော မစ္စတာရိုလန်က

''ထိုင်လေရှင်မင်းသွယ်''

ရှင်မင်းဦးလေးညွှတ် ခေါင်းကိုခါပြရင်း

''ကျေးဇူးတင်ပါတယ်မစ္စတာရိုလန်၊လုပ်ငန်းခွင်အချိန်မှာ သူဌေးကထိုင်ခွင့်မပေးပါဘူး၊မစ္စတာရိုလန်ခိုင်းစရာရှိရင်ဖုန်းနံပါတ် (...) ကိုအချိန်မရွေး ခေါ်နိုင်ပါတယ်၊ရှင်မင်းအချိန်ပြည့်ရှိပါတယ်ရှင်''

ရှင်မင်းလက်ကိုင်အိတ်လေးဖွင့်ကာမစ္စတာရိုလန်လက်ထဲကိုဟန်းဖုန်းလေးကမ်းပေး
သည်။

"မစ္စတာအတွက် ဘော့စ်ကဖုန်းပေးထားခဲ့ပါတယ်၊ စောစောကရှင်မင်းဖုန်းနံပါတ်လည်းဒီဖုန်းထဲမှာ ထည့်ထားပြီးသားပါ၊ဒါကဘဏ်ကဒ်ပါရှင်၊ မစ္စတာရိုလန်အဆင်ပြေဖို့အတွက်စီစဉ်ပေးထားတာပါ"

ရှင်မင်းကမ်းပေးနေသော ဘဏ်ငွေထုတ်ကဒ်လေးကိုသူလှမ်းယူပြီး ခေါင်းညိတ်ပြသည်။

"လိုလေသေးမရှိအောင်ကူညီပေးတဲ့ရှင်မင်းသွယ်ကို ကျေးဇူးတင်ပါတယ်"

"မလိုအပ်ပါဘူးရှင်၊ဒါက ဘော့စ်ရဲ့ အစီအစဉ်တွေ ပါမစ္စတာကျွန်မအစီအစဉ်တွေ မဟုတ်ပါဘူးရှင်"

"တော် တယ်ရှင်မင်းသွယ်၊မင်းအရမ်းတော် တယ်"

"ရှင်"

သူ့စကားကြောင့် ရှင်မင်းပါးစပ်လေးအဟောင်းသား ရေရွတ်မိတဲ့အထိပါပဲ။ ရှင်မင်းကိုမဆီမဆိုင်ချီးကျူး နေတာကြောင့် အနေရခက်ခက် ဖြစ်နေမိ၏ ။

"ကောင်းပြီလေ လောလောဆယ်ကိုယ်ဗိုက်ဆာနေတယ်၊တို့နဲ့အတူရှင်မင်းသွယ် နေ့လယ်စာလိုက်စားနိုင်မလား"

"ရပါတယ်မစ္စတာ၊ဟိုတယ်စားသောက်ခန်းမမှာ ရှင်မင်းမှာ ပေးပါ့မယ်"

"နိုးနိုးမဟုတ်ဘူးရှင်မင်းသွယ်၊တို့ကရန်ကုန်မြို့ ထဲက မြန်မာအစားအစာ ကောင်းကောင်းရောင်းတဲ့တစ်ဆိုင်ဆိုင်မှာ မင်းနဲ့အတူစားချင်တာ"

ရှင်မင်းစိတ်ညစ်သွားမိသည်။အခုမှ မြင်သိခွင့်ရသော သူနှင့်အတူဆိုင်မှာ လိုက်မစားချင်တာမို့ ငြင်းမိတာ ဖြစ်သည်။ဒါကိုသူက တောင်းဆိုနေတော့ခက်နေသည်။

"မင်းလည်းဗိုက်ဆာနေမှာ ပေါ့၊ကိုယ့်ဆန္ဒကိုလက်ခံပေးပါ"

မစ္စတာရိုလန်၏ စကားပြော လေယူလေသိမ်းက ပြေပြစ်သည်။ရှင်မင်း ငြင်းရင်လည်းမသင့်တာ တွေ းမိ၏ ။
မမကမစ္စတာရိုလန်အတွက်အားလုံးတာဝန်ယူခိုင်းထားတာ မေ့ပစ်လို့မရ။

"ရပါတယ်မစ္စတာရိုလန်၊ကျွန်မလိုက်ပို့ပေးနိုင်ပါတယ်"

"အိုကေဒါဆိုကိုယ်တို့သွားရအောင်"

မစ္စတာရိုလန်ဆန္ဒအတိုင်းအဆင်ပြေနိုင်မည့် မြန်မာစား သောက်ဆိုင်တစ်ဆိုင်ကိုရှင်မင်းကားနှင့် မောင်းခေါ်ဆောင်ခဲ့ရသည်။

ရှင်မင်းတို့နှစ် ယောက် ကားပေါ်ကဆင်းမိကတည်းကဆိုင်ထဲကလူတွေ အားလုံးရဲ့ မျက်ဝန်းတွေ စုပြုံရောက်လာသည်။
ဒါကိုမစ္စတာရိုလန်ကလည်းသတိထားမိသွားပုံရကာစားပွဲလေးမှာ ထိုင်သည်နှင့် မေးတော့၏ ။

"ရှင်မင်းသွယ်သူတို့ဘာလို့ကြည့်နေကြတာလဲ"

"မစ္စတာရိုလန်ကိုကြည့်ကြတာ ဖြစ်မှာ ပါ"

ရှင်မင်းအဖြေကိုလက်မခံနိုင်သလိုမစ္စတာရိုလန် ခေါင်းကိုခါရမ်းသည်။

"မ ဖြစ်နိုင်ဘူး၊သူတို့မျက်ဝန်းတွေ ကမင်းဆီမှာ အများ ဆုံး လေ၊ ကိုယ်ထင်တယ်မင်းသိပ်လှနေလို့ ဖြစ်မှာ "

ရှင်မင်းမျက်နှာလေးရဲခနဲ ဖြစ်သွားသည်အထိထူပူသွားမိ၏ ။
စူးစူးနစ်နစ်စိုက်ကြည့်နေသော မစ္စတာရိုလန်အကြည့်တွေ ကို ရှောင်တိမ်းရင်းမီနူးကဒ်ကိုရှင်မင်းငုံ့ကြည့်နေလိုက်၏ ။

"မစ္စတာရိုလန်၊ဘာသုံးဆောင်ချင်သလဲဟင်"

"ကိုယ်မုန့်ဟင်းခါးပဲစားချင်တယ်"

''ဟင်မုန့်ဟင်းခါးဟုတ်လား''

''ဟုတ်တယ်မုန့်ဟင်းခါးဒီဆိုင်မှာ ရနိုင်မလား''

''ဟုတ်ကဲ့ရနိုင်ပါတယ်၊ရှင်မင်းမှာ ပေးပါ့မယ်''

အနားမှာ ရပ်စောင့်နေသော ချာတိတ်ကိုရှင်မင်းမုန့်ဟင်းခါးနှစ် ပွဲမှာ လိုက်သည်။စိတ်ထဲ ကတော့မစ္စတာရိုလန်ကိုအံ့ဩနေမိတာအမှန် ဖြစ်သည်။ အနောက်တိုင်းသားမကျအရှေ့တိုင်းသားမကျနှင့်မစ္စတာရိုလန်သည်ဝှကျကျပုဂ္ဂိုလ်ပဲ ဖြစ်မည်ထင်သည်။

''ကိုယ့်ပန်းကန်ထဲနံနံပင်နဲ့ငရုတ်သီးမှု န့်လေးထည့်ပေးပါရှင်မင်းသွယ်၊ အချဉ်စိတ်တစ်စိတ်လောက်လည်းညှစ်ပေးပါ''

မစ္စတာရိုလန် တောင်းဆိုတာတွေ ကိုကြည့်ကာ မြန်မာ့မုန့်ဟင်းခါးကိုသူစားဖူးသည်ဟုရှင်မင်းနားလည်လိုက်သည်။ ရှင်မင်းသူ့ ပန်းကန်ထဲကိုနည်းနည်း စီထည့်ပေးလိုက် သည်။

မစ္စတာရိုလန် ကျေနပ်သွားသလို ပြုံး ကာဇွန်းလေးနှင့်အကျအန မွှေသည်။ ပြီးတော့တစ်ဇွန်းပြီးတစ်ဇွန်းအားပါးတရစား တော့သည်။

''အိုးအရမ်းကောင်းတယ်၊မင်းရောကိုယ်စားသလိုစားကြည့်ပါလားရှင်မင်းသွယ်''

''ဟင့်အင်းရှင်မင်းကအစပ်မစားနိုင်ဘူး''

''မင်းမုန့်ဟင်းခါးမကြိုက်လို့လား''

''အဟင်းကြိုက်ပါတယ်မစ္စတာရိုလန်၊အခုမစ္စတာရိုလန်စားနေတာ မြင်တော့ရှင်မင်းမစားဘဲနဲ့တောင်မိုက်ဝချင်နေပြီ''

ရှင်မင်းစကားကြောင့် မစ္စတာရိုလန်နှုတ်ခမ်းလေးတွေ ပြုံး သွားရင်း

''မင်းစကားပြောတာအရမ်းနားထောင်လို့ ကောင်းတယ်၊

ဒါပေမဲ့ဝမ်းချင်းကဆုံတာမှမဟုတ်တာ၊မင်းဘယ်လိုဝမှာ လဲစားပါကိုယ့်ကို နောက်တစ်ပွဲလောက်ထပ်မှာ ပေးဦးနော်"

စားနေသော မုန့်ဟင်းခါးကုန်လုလုမှာ ပဲမစ္စတာရိုလန်ထပ်မှာ နေတာမို့ရှင်မင်းထပ်မှာ ပေးလိုက်ရ၏ ။

သည်တစ်ခါတော့ရှင်မင်းကိုမခိုင်းတော့ဘဲနံနံပင်နှင့်ငရုတ်သီးတွေ ကိုကိုယ်တိုင်စိတ်ကြိုက်ထည့်ယူသည်။

ပြီးတော့အားပါးတရထပ်စားနေသည်ကရှင်မင်းတောင်အားကျလာမိတဲ့အထိ။ မစ္စတာရိုလန်ခမြာငရုတ်သီးအစပ်တန်ခိုး ကြောင့် နဖူးတွေ နားသယ်စပ်တွေ က ချွေးတွေ ရွှဲရွှဲစီးကျကာမျက်နှာကြီးရဲရဲနီနေ၏ ။

ရှင်မင်းလက်ကိုင်အိတ်လေးထဲက ချွေးသုတ်တစ်သျှူး လေး တွေ ထုတ်ကာကမ်းပေးလိုက် မိ၏ ။

"ကျေးဇူးတင်ပါတယ်ရှင်မင်းသွယ်"

ရှင်မင်း ကော်ဖီတစ်ခွက်နှင့်ကိတ်ပူတင်းတစ်ပွဲပါကြိုတင်မှာ ပေးလိုက် သည်။ မုန့်ဟင်းခါးနှစ် ပွဲဆင့်စကားပြီးအစပ်မပြေသေးသော မစ္စတာရိုလန်ကိတ်ပူတင်းလေးဖဲ့ယူစားရင်း ကော်ဖီတစ်ငုံသောက်၏ ။

"အိုကေရှင်မင်းသွယ်၊မင်းအရမ်းတော် တယ်"

ငရုတ်သီးအစပ်ပြေသွားသော အရသာကိုသဘောကျစွာ မစ္စတာရိုလန်ရှင်မင်းကိုချီးကျူး စကားဆိုသည်။

စားသောက်ပြီးတော့ရှင်မင်းကိုယ်တိုင်ပဲကျသင့်ငွေတွေ ကိုထုတ်ရှင်းပေးပြီးတော့

"မစ္စတာရိုလန်အဆင်ပြေပါရဲ့ လားရှင်"

"အရမ်းအဆင်ပြေပါတယ်ရှင်မင်းသွယ်၊မင်းကိုအရမ်း ကျေးဇူးတင်ပါတယ်"

''ဟုတ်ကဲ့ရပါတယ်၊မစ္စတာရိုလန်၊ဟိုတယ်ပြန်ပြီးအနားယူပါဦး''

''နိုးနိုးတို့မနားချင်သေးဘူး၊ ရွှေတိဂုံဘုရားသွားချင်တယ်၊ ရှင်မင်းသွယ်လိုက်ပို့ပေးနိုင်မလား''

မစ္စတာရိုလန်ဆန္ဒရှိသမျှရှင်မင်းမှာ တာဝန်အပြည့်ရှိတာမို့ ခေါင်းလေးညိတ်ပြကာ ရွှေတိဂုံဘုရားကိုလိုက်ပို့ပေးရပြန်သည်။

ရွှေတိဂုံစေတီတော် ကြီးကိုအဝေးကလှမ်းမြင်ရကတည်းကမစ္စတာရိုလန်လက်အုပ်ချီကာကြည်ညိုသဒ္ဓါပွားနေ၏ ။

''ရွှေတိဂုံစေတီတော် ကြီးကအရမ်းကြည်ညိုစရာ ကောင်းတာပဲ နော်ရှင်မင်းသွယ်''

''ဟုတ်တယ်မစ္စတာရိုလန်၊ မြန်မာပြည်ရောက်ပြီး ရွှေတိဂုံ စေတီကြီးကိုဖူးမျှော်ရတာ ဘယ်နှကြိမ်လောက်ရှိပြီလဲ''

''ကိုယ်ခဏခဏကြုံဖူးပါတယ်''

ကားလေးကို ရွှေတိဂုံဘုရားရင်ပြင်၏ အရှေ့ဘက်မုခ်မှာ ရှင်မင်းရပ်ကာဓာတ်လှေကားရှိရာ ခေါ်ခဲ့သည်။

ဖိနပ်အပ်နံ့သည့် ကောင်တာလေး ရောက်တော့ရှင်မင်းဖိနပ် တွေ အပ်နံ့တော့ဝန်ထမ်းမိန်းကလေး ရေး မှတ်တာနံပါတ်ဆယ့်နှစ် ။ ရှင်မင်းကိုလှမ်းပေးတာကဆယ့်သုံး ဖြစ်နေတာမို့

''ညီမလေးမှားနေပြီထင်တယ်၊နံပါတ်ကဆယ့်နှစ် ပေးရမှာ ထင်တယ်''

ရှင်မင်းစကားကြောင့် မိန်းကလေးမှတ်ထားသော နံပါတ်နှင့် ကဒ်ပြားနံပါတ်ကို ပြန်တိုက်ကြည့်ရင်း

''ဟုတ်ပါရဲ့ ဆောရီးနော်မမ၊ဟဲ့ညို လေးဒီကအစ်မလေးတို့လင်မယားနံပါတ်ကဆယ့်နှစ် ဖြစ်ရမှာ ၊နင်ပေးတာဆယ့်သုံးကြီး''

ကောင်မလေးစကားကြောင့် ရှင်မင်းမျက်နှာလေးထူပူသွားသည်။ မစ္စတာရိုလန်နှင့်ရှင်မင်းကိုလင်မယားတွေ ဟုထင်မှတ်သွားကာ ပြောလိုက်သည့်စကားကိုမစ္စတာရိုဟန်သာနားလည်နေခဲ့လျှင်မတွေ းရဲ။

ဒါပေမဲ့မစ္စတာရိုလန်ကရှင်မင်းတို့စကားတွေ ကိုဘာမှနားလည်ပုံမရဘဲဟိုကြည့်ဒီကြည့်နှင့်ဓာတ်လှေကားအနားထိလိုက်လာ၏ ။

ဓာတ်လှေကားလေးထဲ စောင့်နေသော လူစုနှင့်အတူဝင်ခဲ့ တော့ရှင်မင်းအဖြစ်ကမစ္စတာရိုလန်၏ ရင်ခွင်ကြီးထဲ ရောက်နေသလို ဖြစ်သွားသည်။ စောစောကရှက်စိတ်တွေ မပြေသေးဘဲသူ့ကိုယ်သင်းရနံ့ကြောင့် ရှင်မင်းရင်တွေ တောင်တုန်ချင်နေ၏ ။

ဓာတ်လှေကားထဲကထွက်တော့စံပယ်ပန်းကုံးနှင့်သပြေပန်းစည်းလေးတွေ ရောင် းသော ကောင်လေးတွေ အနားရောက်လာ၏ ။

''ကိုယ်တို့ဘုရားပန်းဝယ်လှူရအောင်ရှင်မင်းသွယ်''

''ဟုတ်ကဲ့မစ္စတာရိုလန်''

ပန်းရောင် းသော ကောင်လေးဆီမှာ ပဲစံပယ်ပန်းကုံးတွေ နှင့်သပြေပန်းစည်းအများ ကြီးကိုမစ္စတာရိုလန်ဝယ်တော့ ကောင်လေးမျက်နှာဝမ်းသာတောက်ပသွားခဲ့တာအထင်အရှား။

''အရမ်း ကျေးဇူးတင်ပါတယ်အစ်ကို၊ အစ်ကိုနဲ့အစ်မလေးတို့လင်မယားချစ်ချစ်ခင်ခင်နဲ့ရိုးမြေကျ ပေါင်းရပါစေလို့ကျွန်တော် ဆုတောင်းပေးပါတယ်နော်''

ပန်းရောင် းသည့် ကောင်လေးကမစ္စတာရိုလန်ရှေ့မှာ ရပ်ပြီးဆုတွေ တောင်းပေးနေသည်။မစ္စတာရိုလန် ကတော့ဘာမှနားမလည် ပေမယ့် ခေါင်းတွေ ညိတ်ပြီး ပြနေ၏ ။

ရှင်မင်းမှာ သာ ကောင်လေးကိုတားရအခက်နှင့်ရှက်စိတ်တွေ ထူပူကာမျက်နှာလေးနီနေပြီ။သူ့ပုံစံကအနောက်တိုင်းသားမကျ၊အရှေ့တိုင်းသားမကျနှင့် မြန်မာရုပ်ပေါက်နေတာကြောင့် ထင်၏ ။

''ရှင်မင်းသွယ်မင်း နေမကောင်းဘူးလား''

''ရှင် ကောင်းပါတယ်မစ္စတာ''

''စောစောက ကောင်လေးအရမ်းပျော်နေတာလားဟင်၊သူဘာတွေ ပြောသွားတာလဲ ပြောပြပါဦး''

ဘာမှမသိဘဲထပ်မေးခွန်းထုတ်နေသော မစ္စတာရိုလန် ကြောင့် ရှင်မင်းသူ့မျက်နှာကိုတောင်ရဲရဲမကြည့်ရဲပါ။ မေးလာတော့လည်းရှင်းပြရတော့မှာ မို့သူ့ကို မော့မကြည့်ဘဲလိမ်ညာရပြန်၏ ။

''ဒီလိုပါမစ္စတာရိုလန်၊နိုင်ငံခြားသားတွေ မို့အခွင့်သင့်တိုင်းအခုလိုတန်ခိုးကြီးဘုရားတွေ ဖူးမြော်ခွင့်ရပါစေလို့ဆုတောင်းပေးသွားတာပါ''

''ဟုတ်လား ကောင်းတယ် ကောင်းတယ်''

မစ္စတာရိုလန်မျက်နှာကြီး ကျေနပ်သွားခဲ့ကာ ပြုံး ပြုံး ကြီး ခေါင်းညိတ်နေတော့ရှင်မင်းလိပ်ပြာမလုံသလိုနှင့် ရှေ့ကပဲဦးဆောင် လျှောက်ခဲ့၏ ။

''ရှင်မင်းသွယ်ဒီမှာ ပန်းတွေ တစ်ဝက်ယူလေ''

ဝယ်လာသော ပန်းတွေ ကိုရှင်မင်းအတွက်သူကတစ်ဝက်ခွဲပေးနေတာမို့ ငြင်းမရဘဲလှမ်းယူရပြန်၏ ။

''ဟိုမစ္စတာရိုလန်ကဗုဒ္ဓဘာသာဝင်လားဟင်''

''အင်းဆိုပါတော့၊မင်းကဘာနေ့သမီးလဲ''

''ကြာသပတေးပါ၊မစ္စတာရိုလန်ကရော''

''ကိုယ်လည်းကြာသပတေးပဲ၊ဒီတော့အတူတူလှူကြတာ ပေ့ါ''

မစ္စတာရိုလန်ကတကယ်ပဲဗုဒ္ဓဘာသာဝင်လားရှင်မင်းမယုံမရဲ ဖြစ်နေမိသည်။ ဒါပေမဲ့ဂြိုဟ်တိုင်မှာ ရှင်မင်းလိုပဲထိုင်ကာဝတ်ပြုရှိခိုးသည်။ဘုရားမှာ ရေသပ္ပါယ်ပူဇော်သည်။

မစ္စတာရိုလန်သည် မြန်မာလူမျိုးတွေ နှင့် ရင်းရင်းနှီးနှီး နေဖူးသည်ဟုတော့ရှင်မင်းသိလိုက်မိ၏ ။

နှစ် ဦးသားရင်ပြင်တစ်ပတ်လှည့်ပူဇော်လျှောက်ပြီးမှပဲရင်ပြင် ပေါ်ကဆင်းခဲ့ကြသည်။ နေလည်း စောင်းလုပြီမို့မစ္စတာရိုလန်ကဟိုတယ်ကိုပဲ ပြန်မောင်းပို့နိုင်း၏ ။

အပြန်လမ်းမှာ လည်းရှင်မင်းကိုမစ္စတာရိုလန် ကျေးဇူးတင်စကားတွေ ပြောချီးကျူ း စကားတွေ ပြောမဆုံးခဲ့ပါ။

''မင်းကကုမ္ပဏီအပေါ်အလွန်တာဝန်ကျေတဲ့မိန်းကလေးပဲရှင်မင်းသွယ်၊ မင်းလိုလုပချောမောပြီးယဉ်ကျေးသိမ်မွေ့တဲ့မိန်းကလေးရှိမယ်မထင်ဘူး''

''အခုလိုချီးမွမ်းတာ ကျေးဇူးတင်ပါတယ်မစ္စတာရိုလန်၊ မနက်ဖြန်အတွက်အစီအစဉ်ကိုမစ္စတာရိုလန်စဉ်းစားပြီးမှတင်ပြ ပေးပါ''

''ဒါဆိုမင်းတို့သူဌေးနဲ့မနက်ဖြန်ဘယ်အချိန်တွေ ့ခွင့်ရမလဲ''

''အိုဟုတ်ပါရဲ့ ၊အရေး ကြီးတာ မေ့နေပြီ၊ ဘော့စ်ကမနက် ဖြန် ပြန်မရောက်သေးပါဘူး၊ဒါကိုပြောပြဖို့ရှင်မင်း ပေ့ါလျှော့သွားတာခွင့်လွှတ်ပါမစ္စတာ၊ နေပြည်တော် ကသုံးလေးရက်လောက်ကြာမှ ပြန်ရောက်မှာ ပါ၊အဲဒီ ကျမစ္စတာရိုလန်ကိုလာတွေ ့ပါလိမ့်မယ်''

''ကောင်းပြီလေ၊မင်းတို့သူဌေး ပြန်ရောက်မှအလုပ်ကိစ္စ ဆွေးနွေးလို့ရမှာ ၊ ဒီရက်တွေ တော့ကိုယ်နားခွင့်ရတာ ပေ့ါ''

"ဟုတ်ကဲ့မစ္စတာ၊လိုအပ်တာအားလုံးကျွန်မကူညီပေးမှာ ပါ"

"ဒါဆိုမနက်ဖြန်ကိုယ်တစ်နေရာ လျှောက်လည်ချင်တယ်၊ မင်းမနက်ရှစ်နာရီအရောက်လာခဲ့လို့ရမလား"

"ဟုတ်ကဲ့ရပါတယ်ရှင်"

"နေပါဦးဒီကားကရောမင်းဘော့စ်ရဲ့ ကားလား"

"ဟုတ်ပါတယ်ရှင်၊ဒီရက်တွေ မှာ ရှင်မင်းကိုသုံးခွင့် ပေးထားပါတယ်၊ခါတိုင်းဆို ဘော့စ်ပဲစီးတာပါ"

မစ္စတာရိုလန်က မေးချင်တာတွေ မေးသလိုအကြည့်စူးစူး တွေ နှင့်လည်းရှင်မင်းကို နောက်ကြည့်မှန်ထဲကကြည့်နေတာသိနေ၏ ။

"မင်းအိမ်နဲ့ကုမ္ပဏီရုံးခန်းက ဝေးသလားရှင်မင်းသွယ်"

"အင်းဘတ်စ်ကားနဲ့ဆိုနာရီဝက်လောက်စီးရပါတယ်မစ္စတာ"

"ဒါဆိုမင်းအရမ်းပင်ပန်းမှာ ပေါ့"

သူ့လေသံမှာ ကရုဏာရိပ်တွေ ပါနေသည်။ရှင်မင်းကားကိုဂရုစိုက် မောင်းနှင်နေရင်းယဲ့ယဲ့လေး ပြုံး လိုက်ရင်း

"မပင်ပန်းပါဘူးရှင်၊ နေ့စဉ် ဖြတ်သန်းနေရတော့လည်းရှင်မင်းအတွက်ရိုးနေပါပြီရှင်"

"မင်းရဲ့ ကြိုး စားမှု နဲ့ရိုးသားမှု ကိုခဏလေးနဲ့ကိုယ် မြင်သိလိုက်ရတယ်၊ ကိုယ်မင်းလိုမိန်းကလေးမျိုးကိုသဘောကျတယ်"

"ဟင်"

သူ့စကားကြောင့် ရှင်မင်းတွန့်ခနဲ ဖြစ်သွားသည်။သူ ပြောတတ်သလို ပြောတာကိုရှင်မင်းပဲအထင်လွဲသွားမိတာလား။

ရင်ကဘာကြောင့် လှုပ်ခတ်ချင်နေမိတာလဲမသိပါ။ဘယ်လိုမှမတူညီသော မဖြစ်နိုင်သော ဘဝတွေ ဟုဦးနှောက်ကသတိပေးနေသည်။
ရှင်မင်းပင့်သက်လေးရှိုက်ရင်းကားလေးကိုဟိုတယ်ဝင်းထဲ မောင်းဝင်လိုက်မိပါသည်။

*

# အခန်း (၃)

''ဟယ်သမီးလေး၊အစောကြီး ပြန်လာပါလား၊ဒီနေ့သမီးအလုပ်တွေ စောပြီးလို့လားဟင်''

အနည်းဆုံးခုနစ်နာရီနောက်ပိုင်းမှအမြဲအိမ်ပြန်တတ်သော ရှင်မင်း မှောင်ရိပ်မသမ်းခင် ပြန်ရောက်တာမို့ မေမေအံ့သြဝမ်းသာနေ၏ ။

''ဒီနေ့ကုမ္ပဏီမသွားရဘူး မေမေရဲ့ ၊နိုင်ငံခြားဧည့်သည်ကြို ပို့ကိစ္စသမီးတာဝန်ယူထားရတာ လေ''

''ဩော်မနေ့ကသမီး ပြောထားတာပဲ၊ မေမေ မေ့နေတယ်၊ ဒါနဲ့သမီးသူဌေးပေးထားတဲ့ကားကြီးကော''

''သူဌေး ခြံထဲပဲ ပြန်ပို့သိမ်းခဲ့တယ် မေမေ၊အိမ်မှာ ယူထားခိုင်းပေမယ့် ခြံရှေ့မှာ တစ်ညလုံးရပ်ထားရတာ အန္တရာယ်များ တယ်၊တစ်ခုခု ဖြစ်သွားမှာ စိုးလို့လေ''

''အင်းဟုတ်တယ်၊မနေ့ညကသမီးဒီကားကြီးယူလာတော့ မေမေဖြင့်တစ်ညလုံးအိပ်မပျော်ဘူးအဟင်းဟင်း''

ဒေါ်မေရှူးမနေ့ကဇွတ်ယူခိုင်းနေတာမို့ကားကိုယူခဲ့ရပေမယ့် မေမေနှင့်ရှင်မင်းတစ်ညလုံး ကောင်းကောင်းအိပ်မပျော်ပါ။ကားကိုရပ်ဖို့ ခြံထဲမှာ က နေရာမှမရှိဘဲ။

ခြံရှေ့မှာ ရပ်ထားရတာ မို့တစ်စုံတစ်ခု ဖြစ်သွားမှာ စိုးရိမ်နေရတာ ကတစ်ညလုံးပါပဲ။ဒါကြောင့် ဒီညနေမစွတာရီလန်ကိုပို့ပြီးတာနှင့် ဒေါ်မေရှူးခြံထဲမှာ ပဲ ပြန်အပ်ခဲ့သည်။

''မနက်ဖြန်ဧည့်သည်ဆီရှစ်နာရီအရောက်သွားရမှာ ဆိုတော့ခုနစ်နာရီလောက်တော့အိမ်ကထွက်မှရမယ် မေမေ''

''အေး အေးဒါဆိုလည်းစားသောက်ပြီး စောစောအိပ်လေ၊ မေမေသနပ်ခါးသွေးထားမယ်၊ ရေမိုးချိုးလိုက်ဦးနော်သမီး''

ရှင်မင်းဒီလို စောစော ပြန်ရောက်သည့်ညတွေ ဆို မေမေဝမ်းသာနေတတ်သည်။အခုလည်းရှင်မင်းကို ရေချိုးခိုင်းကာသနပ်ခါး သွေးပေးဖို့ ပြင်နေတာမို့

''မသွေးပါနဲ့ မေမေရဲ့ ၊သမီးဘာသာ သွေးပါ့မယ်၊ငရဲကြီးပါ့မယ်''

''မေမေ့သမီးလိမ်းဖို့သနပ်ခါးသွေးတာငရဲကြီးမလား၊ မေမေ့သမီးလေးကလိမ္မာပါတယ်၊အမေ့ကိုလုပ်ကျွေးနေတဲ့သမီးဘယ်တော့မှဒုက္ခမတွေ့ဘူး သေချာတယ်၊ကဲ ရေချိုးနော်သမီး၊ပြီးရင်ထမင်းစားကြရအောင်''

မေမေ့ကိုလှမ်းဖက်ကာပါးပြင်ကို့ရွှတ်ခနဲတစ်ချက်နမ်းပြီးရှင်မင်းအိမ်ခန်းလေးထဲ

ရေမိုးချိုးဖို့အဝတ်အစားလဲနေတုန်း မေမေ့ရဲ့ သနပ်ခါးသွေးသံတရှဲရှဲကိုကြားနေရ၏ ။ မေမေ့ရဲ့ မေတ္တာတရား ကတော့ရှင်မင်းအပေါ်မှာ တကယ်ကိုကြီးမားခဲ့တာပဲ ဖြစ်၏ ။

အဖေ့ရဲ့ မေတ္တာကိုရှင်မင်းငယ်ရွယ်စဉ်ကတည်းကပိုင်ဆိုင်ခွင့်ဆုံးရှုံးခဲ့ရတော့ မေမေကပဲရှင်မင်းဘဝကိုတာဝန်ယူ စောင့်ရှောက်ခဲ့တာ ဖြစ်သည်။

ဆွေမရှိ၊မျိုးမရှိပေမယ့် မေမေ့ခွန်အားနှင့်ရုန်းကန်မှု တွေ ကသမီးလေး တစ်ယောက် အတွက် ပြည့်ဝစွာ ရှိခဲ့သည်။ မေမေ့ဘဝမှာ ပညာမတတ်ခဲ့ပေမယ့်သမီးကိုပညာတတ်ကြီး ဖြစ်အောင် မေမေပံ့ပိုး ပေးနိုင်ခဲ့သည်။

ဒီကျေးဇူးတရားတွေ အတွက်ရှင်မင်းဘယ်တော့မမေ့ခဲ့ပါ။ ကျောင်းပြီးသည်နှင့် မေရှူးကုမ္ပဏီမှာ အလုပ်ဝင်ကာ မေမေ့ကို ပြန် ပြုစုခဲ့သည်။ကြိုး စားရိုးသားမှု နှင့် ဒေါ်မေရှူး၏ အားကိုးယုံကြည်မှု ကိုရှင်မင်းပိုင်ဆိုင်ခဲ့သည်။

အလုပ်တစ်ဖက်နှင့်တတ်သင့်သော ပညာတွေ ကိုလည်းရှင်မင်းသင်ယူခဲ့တာမို့

ဒေါ်မေရှူးကသဘောကျသည်။

စာရင်းကိုင်၊ကွန်ပျူတာပညာတွေ အပြင်ကားမောင်းတတ်ခဲ့တာကြောင့် လည်း ဒေါ်မေရှူးကလက်ရုံးလိုယုံကြည်ကိုးစားသည်။

ထိုက်တန်သော လစာငွေနှင့်ရှင်မင်းတို့သားအမိအတွက်ပြီးပြည့်စုံစွာ လူတန်းစေ့ နေနိုင်ခဲ့တာ ကျေနပ်စရာပါပဲ။

''သမီးရေ မြန်မြန်ရေချိုးနော်''

မီးဖိုခန်းထဲက မေမေသတိပေးသံနှင့်အတူကြာဇံချက်ရနံ့ လေးကသင်းခနဲပျံ့လွင့်လာတော့ရှင်မင်းဝမ်းထဲမှာ ဆာလောင်သွားမိသည်။

ကပျာကသီ ရေမိုးချိုးကာ မေမေ သွေးထားသော ရှင်မတောင်သနပ်ခါးလေးလိမ်းလိုက်သည်။

အလုပ်နားရက်နှင့်အိမ်ပြန်စောသည့်ရက်တွေ မှာ ပဲဒီလိုသနပ်ခါးလေးလိမ်းနိုင်တာ ဖြစ်သည်။ကျန်ရက်တွေ မှာ ရှင်မင်းအတွက်က ရေချိုးပြီးသည်နှင့် ထမင်းစားချင်စိတ် ပျောက်ဆုံးကာအိပ်ရာထဲဝင်လှဲဖို့သာဆန္ဒတွေ ရှိနေခဲ့အောင်ပင်ပန်းလွန်းနေခဲ့တာ ဖြစ်၏ ။

''ဘာဟင်းတွေ ချက်ထားတာလဲ မေမေ''

''ဒီမှာ သမီးအကြိုက်၊ ရှောက်သီးသုပ်လေး၊ကြာဇံချက်ပူပူ လေးနဲ့ကြက်သားကြော်ကိုကြွပ်ကြွပ်လေး ကြော်ထားတယ်''

''အိုးအရမ်းစားကောင်းမှာ ပဲ''

ပြောရင်းရှင်မင်း မေမေနှင့်အတူစားပွဲလေးမှာ ဝင်ထိုင်လိုက်သည်။ မေမေပန်းကန်ထဲကြက်သားတွေ ခပ်ထည့်ပေးတော့ မေမေကလည်းရှင်မင်းပန်းကန်ထဲ ပြန်ထည့်ပေးသည်။

ရှောက်သီးသုပ်လေးစားကြာဇံချက်ပူပူလေးမှု တ်သောက်နှင့်

ရှင်မင်းစားလို့မြိန်နေသလို မေမေနှင့်လည်းစကားတွေ ပြောမဝ။

"ပြောပါဦးသမီးရဲ့ ၊မနက်ဖြန်ဧည့်သည်က လျှောက်ကြည့်ချင်တယ်ဆို၊ ဘယ်ကိုပို့ပေးရမှာ လဲကွဲ့"

"ဒါကိုပဲသမီးစဉ်းစားမတတ် ဖြစ်နေတာ မေမေ၊ နောက်ပြီးသမီး ဘောစ့်ကိုလည်းသတင်းပို့တင်ပြရဦးမယ်"

"ထမင်းစားပြီးဖုန်းနဲ့ပြောလိုက်ပေါ့သမီးရယ်၊သမီးဧည့်သည်အတွက်လည်း မေမေအကြံပေးချင်တယ် ဖြစ်မလား"

" ဖြစ်တာပေါ့ မေမေရဲ့ ၊ မေမေ ပေးတဲ့အကြံတွေ သမီးနား ထောင်ချင်တာ ပြောလေ မေမေ"

မေမေကဒီလိုရှင်မင်းစဉ်းစားရခက်နေချိန်တွေ မှာ ကောင်း သော အကြံတွေ ပေးတတ်သည်။ရှင်မင်း မေမေ့စကားလေးကိုနားစွင့်ထားလိုက်၏ ။

"သမီးဧည့်သည်ကိုသန်လျင်ဘက်လိုက်ပို့ပေးလိုက် ပါလား၊ သန်လျင်ကိုပို့ပေးလိုက် ရင်သမိုင်းဝင်အထင်ကရ နေရာတွေ ရှိပါတယ်သမီးရဲ့ ၊ နိုင်ငံခြားသားဧည့်သည်ကြီးစိတ်ဝင်စားမှာ ပါ"

"ကောင်းတယ် မေမေ့အကြံအရမ်းကောင်းတယ်"

ရှင်မင်းပါးစပ်ထဲကထမင်းလုပ်လေးကိုကသော ကမျောမျိုချရင်း ပြောတော့ မေမေကကြာဇံချက်တစ်ဇွန်းခပ်တိုက်ရင်း

"ဖြည်းဖြည်း ပြောပါသမီးရယ်၊ထမင်းသီးနေပါဦးမယ်၊ကြာဇံချက်ရည်လေး သောက်လိုက်နော်"

သားအမိနှစ် ယောက်
တည်းပေမယ့်ရှင်မင်းတို့ထမင်းဝိုင်းလေးကစိုပြည်တတ်စမြဲ။

ထိုအခိုက်မှာ ပဲကြမ်းပြင်လေးပေါ်ချထားသော ရှင်မင်း၏

ဟန်းဖုန်းလေးဆီကတတူတူနှင့်တုန်ခါမြည် သံလေးကြောင့် မေမေဆတ်ခနဲ ဖြစ်သွား၏ ။

"သမီးဖုန်းသံကလည်းဘယ်လိုကြီးတုံးကွယ်"

"အဟင်းဟင်း မေမေကလည်းဖုန်းမက်ဆေ့ချ်ဝင်လာတာပါ၊ဘာမှမ ဖြစ်ပါဘူး"

"မသိဘူးလေကွယ်၊အမှတ်တမဲ့ဆိုတော့ထိတ်ခနဲ ဖြစ်သွားတာပေါ့"

"အင်းပါ မေမေရယ်၊ နောက်ဆို မေမေ့ကိုဟန်းဖုန်းနဲ့အင်တာနက်နဲ့ပါထားနိုင်အောင်သမီးကြိုး စားပါ့မယ်သိလား"

"မေမေ့အတွက်မလိုပါဘူးသမီးရယ်၊ဒီဘဝလေးပဲ မေမေ ကျေနပ်ပါတယ်၊ သမီးပင်ပန်းနေတာ မေမေမကြည့်ရက်ပါဘူး"

မေမေ့စကားကြောင့် ရှင်မင်းထမင်းပွဲကိုလက်စသတ်ရင်း မေမေ့ကို ပြုံး ကြည့်ကာ

"သမီးမပင်ပန်းပါဘူး မေမေရယ်၊ငယ်ရွယ်တုန်းပဲကြိုး စားခွင့်ရှိတယ်၊ အနာဂတ်အတွက်လူတန်းစေ့ နေနိုင်အောင်သမီးကြိုး စားရမယ် မေမေရေ"

"ဟုတ်ပါပြီဟုတ်ပါပြီ၊ မေမေ ကတော့သမီးတို့ခေတ်ကိုလိုက်မမီပါဘူး၊ မနက်ထမင်းညထမင်းအပြင်ပိုပြီးမပူလောင်တဲ့တရားသဘောနဲ့ ပြောပြတာပါကွယ်"

"မေမေ ပြောတာသမီးနားလည်ပါတယ်၊ မေမေ့အရွယ်နဲ့ မေမေ့စိတ်ကညီမျှတယ်လေ၊သမီးကငယ်သေးတော့ လောဘဇွဲလေးနဲ့တိုးတက်အောင်ကြိုး စားချင်လို့ပါ မေမေရဲ့ "

"အင်းသမီးစကားမှန်ပါတယ်၊ဒါနဲ့သမီးအိမ်ထောင်ပြု ဖို့ကိုကောမစဉ်းစားသေးဘူးလား"

"ဟာ မေမေကလည်းသမီးဒါတွေ ကိုစိတ်မဝင်စားပါဘူး"

"အင်းသမီးချစ်ရမယ့်သူမတွေ ့သေးလို့ပါ၊ တွေ ့ရင်တောင် မေမေ့ကို

မေ့သွားမလားပဲ"

မေမေ ပြုံး ပြုံး လေးနှင့်ရှင်မင်းကိုစနောက်နေတော့ရှင်မင်း ခေါင်းလေးကိုခါရမ်းပစ်ရင်း

"သမီးကဘယ်တော့မှ မေမေ့အနားကထွက်မသွားဘူးသိလား မေမေရဲ့ "

ရှင်မင်းကတိစကားလေးဆိုရင်း မေမေအနားရွှေ့ကာပါးလေးတစ်ဖက်ကိုရွှတ်ခနဲနမ်းပြီး ပြောလိုက်၏ ။ မေမေ ကျေနပ်အပြုံး တွေ နှင့်မျက်စောင်းလေးထိုးသည်။

"ကဲပါအပိုတွေ ချွဲမနေနဲ့ မေမေ့ဘာသာသိမ်းစရာရှိတာတွေ သိမ်းလိုက်တော့မယ်၊သမီးသူငွေးဆီဖုန်းဆက်ရဦးမှာ မဟုတ်လား၊ဆက်ဦးလေ၊အဲဒါကအရေး ကြီးတယ်"

မေမေသတိပေးမှဖုန်းလေး ကောက်ကိုင်ခဲ့ကာအခန်းထဲလှမ်းဝင်ခဲ့၏ ။ စောစောကမက်ဆေ့ချ်ပို့တာသတိရပြီးဖွင့်ကြည့်လိုက်မိ၏ ။

"ဟင်မစ္စတာရှိလန်ဆီကပဲ"

ဖုန်းစက္ကရင်လေးထဲကမစ္စတာရှိလန်ပို့လိုက်သော မက်ဆေ့ချ်လေးတွေ ကိုရှင်မင်းဖတ်ကြည့်လိုက်မိ၏ ။

"ရှင်မင်းသွယ်မင်းဒီနေ့တို့ကိုလိုက်ပို့ရတာ သိပ်ပင်ပန်း နေမှာ ပဲနော်၊ မင်းကိုသိပ်ကျေးဇူးတင်တယ်၊မနက်ဖြန်ဆုံကြဦးမှာ ဆို တော့မင်း စောစောအိပ်တော့နော်၊ အိပ်မက်လှလှမက်ပါစေလို့ဆု တောင်းပါတယ်ရှင်မင်းသွယ်၊တို့ပို့တဲ့မက်ဆေ့ချ် ရောက်ရှိကြောင်းတော့ ပြုခင်းချက်အနေနဲ့မင်းအကြောင်းပြန်ပေးပါနော်"

ရှင်မင်းရယ်လည်းရယ်ချင်သွားမိသည်။ဘာကြောင့် မှန်းမသိ။သူ့ရဲ့ မက်ဆေ့ချ်လေးကြောင့် ကျေနပ်မိသလိုစာနာသွားမိသည်။မစ္စတာရှိလန်ခမြာ မြန်မာပြည်မှာ စကားပြောဖော်ကရှင်မင်းတစ် ယောက် တည်းရှိနေသည်ကိုး။

ချက်ချင်း ပဲသူ့ရဲ့ မက်ဆေ့ချ်ကိုလက်ခံရရှိ ကျေးဇူးတင် ကြောင်းရှင်မင်း ပြန်ပို့ပေးလိုက် ပါသည်။

သူ ကျေနပ်ဝမ်းသာသွားမည် ထင်၏ ။ရှင်မင်းဘဝမှာ ယောကျ်ားလေးမိတ်ဆွေအပေါင်းအသင်းဆိုလို့မရှိခဲ့ပါ။အခုချိန်မှာ မစ္စတာရိုလန်သည်သူမအတွက်တော့ခင်မင်စရာ ကောင်းသော မိတ်ဆွေတစ်ဦးလိုပါပဲ။

ဒါပေမဲ့တကယ်ဆိုရှင်မင်းသွယ်ဆိုသော သူမအဆင့်က မေရှူးကုမ္ပဏီကြီးရဲ့ အလုပ်သမား တစ်ယောက် အဆင့်မျှသာ ဖြစ်၏ ။

မစ္စတာရိုလန်နှင့်ရင်းရင်းနှီးနှီးခင်မင်စရာမရှိ။အထူးသဖြင့် သူသည် မြန်မာလူမျ ုးစစ်စစ် တစ်ယောက် မဟုတ်ဟူသော အချက်ကရှင်မင်းဦးနှောက်ကိုသတိပေးနေခဲ့သည်။

အတွေ းတွေ ကိုပင့်သက်လေးတစ်ခုနှင့် မောင်းထုတ်ပစ်ရင်းရှင်မင်းစိတ်ကို လျော့ချပစ်လိုက်သည်။ရင်ထဲမှာ တကယ်ပဲ ပေါ့ပါးသွားသည်လား။

ရှင်မင်းဆန်းစစ်မကြည့် ဖြစ်တာအမှန်။

*

# အခန်း (၄)

''တူတူတူ''

ဘုရားခန်းထဲမှာ ဘုရားရှိခိုးနေသော မေမေနံဘေးနားဝင်ထိုင်ကာဘုရားဝတ်ပြု မည် ကြံနေတုန်းမှာ ဟန်းဖုန်း မြည် လာတာမို့ရှင်မင်းကသော ကမျောလေး ပြေးကိုင်လိုက်ရသည်။

ဖုန်းဖွင့်ကြည့်တော့မစ္စတာရိုလန်ဆီက ဖြစ်နေ၏ ။အခန်းထဲက ပြတင်းတံခါးအနီး လျှောက်ခဲ့ကာဖုန်းပြောရ၏ ။

''ဟုတ်ကဲ့ကျွန်မရှင်မင်းသွယ်ပါ၊မစ္စတာရိုလန်''

''မင်္ဂလာနံနက်ခင်းပါရှင်မင်းသွယ်၊မင်းအိပ်ရေး ဝရဲ့ လား''

''ဟုတ်ကဲ့ဝပါတယ်မစ္စတာရိုလန်၊ရှင်မင်းအခုပဲလာဖို့အဆင်သင့် ဖြစ်နေတာပါ၊ ရှစ်နာရီရောက်မှာ ပါ''

''အိုကေအဆင်ပြေပါတယ်ရှင်မင်းသွယ်၊မင်းကအချိန်လည်း လေးစားနေတာပါ၊ ရှစ်နာရီ ရောက်မှာ ပါ''

''အဟင်းမစ္စတာရိုလန်ချီးကျူး တာတွေ များ လို့သူဌေးကကျွန်မကိုလစာတွေ များ တိုးပေးမလားမသိဘူးနော်''

ရှင်မင်းစကားကြောင့် မစ္စတာရိုလန်သဘောကျစွာ ရယ် နေသည်။

''ရှင်မင်းကားသွားယူပြီးတာနဲ့ထွက်လာခဲ့ပါ့မယ်မစ္စတာရိုလန်''

''ခဏလေးရှင်မင်းသွယ်၊မင်းသူဌေးကားကိုယူမလာပါနဲ့''

''ရှင်ဘာ ဖြစ်လို့လဲမစ္စတာရိုလန်၊ဘာများ စိတ်တိုင်းမကျလို့လဲရှင်မင်းကို ပြောပါ''

မမ မေရှူး ပေးထားသော ကားကိုမယူလာနှင့်ဆိုတာကြောင့်

ရှင်မင်းစိုးရိမ်ပြီးမေးမိတော့

"နိုးနိုးဘာမှမရှိပါဘူးရှင်မင်းသွယ်၊ ဒီနေ့သွားချင်တဲ့ခရီးပုံစံကိုကိုယ်လွတ်လွတ်လပ်လပ်သွားချင်လို့ပါ Taxi တွေ ရှိတာပဲ၊ နောက်တစ်ခုကရှင်မင်းသွယ်ကုမ္ပဏီယူနီဖောင်းကြီးဝတ်မလာပါနဲ့၊ ကိုယ်တို့လွတ်လွတ်လပ်လပ်ပုံစံသွားချင်တယ်"

"ဟုတ်ကဲ့ ကောင်းပါပြီမစ္စတာရိုလန်၊ ရှင်မင်းကုမ္ပဏီကိုအကြောင်းကြားလိုက်ပါ့မယ်၊မစ္စတာရိုလန်ဟိုတယ်ကပဲ စောင့်နေပါ"

"ကောင်းပါပြီရှင်မင်းသွယ်"

ရှင်မင်းဖုန်းလေးကို ပြန်ပိတ်ကာစိတ်ပျက်သလို ခေါင်းလေးကုပ်နေတုံး မေမေအခန်းထဲဝင်လာသည်။

"သမီးဧည့်သည်လိုက်ပို့ရမှာ ဆိုဘာ ဖြစ်နေတာလဲ"

"မပြောချင်တော့ဘူး မေမေရေ၊ ဘော့စ် မြန်မြန်ပြန်လာမှပါပဲဒီဧည့်သည်နဲ့သမီး ခေါင်းစားလာပြီ"

"ဟင်ဘာတွေ ပြဿနာ ဖြစ်လို့လဲသမီးရယ်"

မေမေစိုးရိမ်သလိုလေး မေးရင်းအနားရောက်လာ၏ ။

"ယူနီဖောင်းမဝတ်ဘဲတခြားဝတ်စုံနဲ့လာခိုင်းနေလို့ မေမေ ရေ၊ သူ့ငွေးကားနဲ့လည်းမသွားဘူးတဲ့၊သူ့ကိုတရိုတသေဆက်ဆံတာသဘောကျပုံမရဘူးထင်တယ် မေမေရေ"

ရှင်မင်းစိတ်ညစ်ညျူး သလိုလေးရှင်းပြတော့ မေမေရှင်မင်းပခုံးလေးကိုဆုပ်ကိုင်ပြီးနှစ် သိမ့်သလိုလေးပြုံး ပြရင်း

"ဒီလို နေမှာ ပါသမီးရယ်၊သူကသမီးကို မြန်မာ့ဓလေ့စရိုက်အတိုင်းသွားလာပြောဆိုချင်ပုံရတယ်ထင်ပါတယ်ကွယ်၊

သမီးလည်းရိုးရာချည်ထည်လေးနဲ့သွားလိုက်ပေါ့၊
အမြဲတမ်းကုမ္ပဏီယူနီဖောင်းကြီးဝတ်နေရတာ ထက်စာရင်ပိုတောင် ကောင်းသေးတယ်"

မေမေ ကတော့ရှင်မင်းကိုအမြဲတမ်းအဆင်ပြေအောင်
ပြောဆိုဆက်ဆံပြီးအကြံလေးတွေ ပေးတတ်သူပီပီအခုလည်းနှစ် သိမ့်အကြံပေးနေ၏ ။
ဗီရိုထဲကထုတ်ပေးထားပြီးသော ယူနီဖောင်းကို ပြန်သိမ်းကာ မေမေကိုယ်တိုင်ရှင်မင်းဝတ်ဖို့
ရွေးပေးနေ၏ ။

"သမီးဒီသင်္ဘောရောင် ကချင်ထည်လေးနဲ့အဆင်ပြေမလား၊
မေမေ့သမီးလေးကအသားဝင်းနေတော့ဒီဝတ်စုံလေးနဲ့ဆိုအရမ်းလိုက်ဖက်မှာ "

မေမေ ရွေးချယ်ပေးသော ဝတ်စုံလေးကိုပဲရှင်မင်းဝတ်ဆင်လိုက်သည်။
မတိုမရှည်ရင်ဖုံးအင်္ကျီလေးကြောင့်
ရှင်မင်းပုံစံလေးကယဉ်ယဉ်ကလေးနှင့်ထင်ရှားပေါ်လွင်အောင်ကြည့်ကောင်းသည်။

"မေမေ့သမီးလေးကတကယ်လှတာပဲ"

မေမေ ပြောတော့ရှင်မင်းရှက်ရယ်လေးရယ်မိသည်။
နာရီကိုငုံ့ကြည့်တော့ခုနစ်နာရီဆယ်မိနစ်ပဲရှိသေးသည်။
ကားသွားယူစရာမလိုတော့ပြီမို့မစ္စတာရိုလန်ဆီကိုရှစ်နာရီမထိုးခင်ရှင်မင်း ရောက်မှာ
သေချာသည်။

*

ရှင်မင်းစီးလာသော Taxi
ကားလေးဟိုတယ်ထဲဝင်လာသည်နှင့်မစ္စတာရိုလန်ကိုဟိုတယ်ရဲ့ ဆင်ဝင်အောက်မှာ
အသင့်ရပ်လျက် တွေ့သည်။ဘယ်အချိန်ကတည်းကထွက်စောင့်နေသည်မသိ။

နာရီကိုငုံ့ကြည့်တော့ရှစ်နာရီထိုးဖို့ငါးမိနစ်လောက်လိုသေးသည်။

ကားတံခါးဖွင့်ကာရှင်မင်းဆင်းလာတာကိုသူ ငေးငေးလေးကြည့်နေသေးသည်။ သူ့အကြည့်စူးစူးတွေ ကြောင့် ရှင်မင်း ခြေလှမ်း တွေ တောင်မှား ချင်ချင်။

''မင်းအရမ်းလှတယ်ရှင်မင်းသွယ်''

သူ့ရဲ့ ချီးကျူး နှုတ်ဆက်စကားကအနောက်နိုင်ငံသားတွေ အတွက်ယဥ်ကျေးမှု တစ်ခု ဖြစ်နေပေမယ့်ရှင်မင်း ကတော့မျက်နှာလေးရဲရဲနီကာရှက်သွေးလွှမ်းသွားခဲ့သည်။

''သွားကြရအောင်မစ္စတာရိုလန်''

သူ့ရဲ့ အကြည့်တွေ ကိုရှင်မင်းရင်မဆိုင်ရဲစွာ ခေါင်းလေးငုံ့ပြီးဆိုတော့မစ္စတာရိုလန်ပြုံး ပြီးခေါင်းညိတ်သည်။

''ကိုယ်တို့တက္ကစီနဲ့ပဲသွားကြရအောင်၊ ဩော်ဒါနဲ့ရှင်မင်းသွယ် ကော်ဖီသောက်ဦးမလား''

''ဟင့်အင်းရှင်မင်းအိမ်ကသောက်လာခဲ့ပြီးပါပြီမစ္စတာ''

နှစ် ဦးသားဟိုတယ်ဝင်းလေးထဲကထွက်ခဲ့ကြသည်။ မစ္စတာရိုလန်ဝတ်ဆင်ထားသည်ကအပြာနုရောင် စပို့ရှပ်လက်တိုနှင့် အနက် ရောင် ဘောင်းဘီကိုဝတ်ဆင်ထားတာ ဖြစ်သည်။

အညိုရောင် ဆံပင်တွေ ကို သေသေသပ်သပ်အနောက်ကိုလှန်သိမ်းဖြီးသင်ထားတာမို့နဖတ်ကြည်လင်သော မျက်နှာက ပေါ်လွင် နေ၏ ။နဖူးပြေပြေပေါ်မှလှိုင်းတွန့်ဆံပင်တချို့ကကပိုကရိုလေးဝဲကျလို့နေသည်။

အသေအချာကြည့်တော့မစ္စတာရိုလန်ပုံသည်အနောက်တိုင်းသားတစ်ဦးဟုယုံဖို့ခ ဖြစ်နေသည်။ရှင်မင်းတို့နှစ် ဦးအတူယှဥ်တွဲ ထွက်လာတော့ဟိုတယ်ထဲကဝန်ထမ်းတွေ တောင်ဝိုင်းကြည့်နေကြသည်။

''ရှင်မင်းသွယ်ဒီနေ့တို့ကိုဘယ်ကိုလိုက်ပို့ပေးမှာ လဲ''

''သနပ်လျှင်ဘက်သွားချင်သလားမစ္စတာရိုလန်၊ရှင်မင်းစဉ်းစားထားတာပါ၊ မစ္စတာရိုလန်သွားချင်တဲ့နေရာရှိရင် ပြောပါ''

''နိုးမရှိပါဘူး၊ရှင်မင်းသွယ် ပြောတဲ့ နေရာသွားရအောင်ကိုယ်သဘောကျပါတယ်''

မစ္စတာရိုလန်ကိုယ်တိုင်ကရှင်မင်း ရွေးချယ်ထားသော နေရာကိုလက်ခံပြီဆိုတော့အသင့်တွေ့ရသော တက္ကစီကားလေးကိုငှားလိုက်သည်။

သူ ရှေ့ခန်းမှာ ဝင်ထိုင်မည် ထင်ပေမယ့်ရှင်မင်းတံခါးဖွင့်ဝင်ထိုင်သော နောက်ခန်းမှာ အတူဝင်ထိုင်တာမို့ရှင်မင်းခပ်ရွံ့ရွံ့လေး ဖြစ်သွားရ၏ ။ဒါကိုသူက မြင်လိုက်တာမို့

''ဘာ ဖြစ်လို့လဲရှင်မင်းသွယ်''

''ဟင့်အင်းဘာမှမဟုတ်ပါဘူး''

ရှင်မင်း ခေါင်းလေးခါကာ ငြင်းရသည်။ကားလေး နောက်ခန်းထဲမှာ နှစ် ယောက် ထိုင်ရတာ ရှင်မင်းစိတ်ကမလွတ်မလပ် ဖြစ်နေတာ တော့အမှန်။

မစ္စတာရိုလန် ကတော့ကားပြတင်းတံခါးက မြင်ကွင်းတွေ ကို ငေးကြည့်ရင်းအသင့်ပါလာသော ကင်မရာလေးနှင့်တဖျပ်ဖျပ်ရိုက်ရင်းပါလာသည်။ သနပ်လျှင်တံတားကြီးကိုကားလေးဖြတ်သည်နှင့်

''ရှင်မင်းသွယ်ကားသမားကိုခဏရပ်ခိုင်းပေးပါလား၊ အောက်က မြစ်ကြီးရဲ့ သဘာဝ အလှကိုကိုယ်ဓာတ်ပုံရိုက်ချင်လို့''

မစ္စတာရိုလန်ဆန္ဒကိုတက္ကစီဒရိုင်ဘာကို ပြောပြအကူအညီ တောင်းတော့မှကားရပ်ခွင့်မရှိတာကိုရှင်မင်းသိရ၏ ။

''ခွင့်လွှတ်ပါမစ္စတာရိုလန်၊ဒီတံတားပေါ်မှာ အကြောင်းမဲ့ကားရပ်ခွင့်မရှိဘူးလို့စည်းကမ်းချက်ထုတ်ထားလို့ပါ''

ရှင်မင်း ပြန်ရှင်းပြတော့မစ္စတာရိုလန်ကသဘောပေါက်သွားကာ ခေါင်းညိတ်လက်ခံသည်။

''အိုကေအိုကေကိုယ်မသိလိုက်လို့ရှင်မင်းသွယ် ဆောရီး''

''ရပါတယ်မစ္စတာ၊ဒါနဲ့ဒီသန်လျင်တံတားကြီးပေါ်ကိုမစ္စတာရိုလန် ရောက်ဖူးသလား''

''တစ်ခါတော့ ရောက်ဖူးတယ်၊ကြာပါပြီရှင်မင်းသွယ်၊ ဒီကိုလာဖို့စိတ်ကူးရတဲ့မင်းအရမ်းတော် တယ်''

မစ္စတာရိုလန် ကတော့ရှင်မင်းကိုချီးကျူး စကားတွေ ဆိုနေရင်းပတ်ဝန်းကျင်ရှုခင်းတွေ ကို ငေးမောမဆုံး ဖြစ်နေသည်။မစ္စတာရိုလန် ကျေနပ်နေသည်ဆိုတော့လည်းရှင်မင်းဝမ်းသာရပါသည်။

ကျိုက်ခေါက်ဘုရားကို ရောက်တော့ဘုရားမဖူးခင်ဘုရားသမိုင်းစာအုပ်များ ကိုရှင်မင်းဝယ်ယူသည်။ရှင်မင်းဖတ်ပြီးမစ္စတာရိုလန်သိနားလည်အောင်ဘာသာပြန်ရှင်းပြရ၏ ။

မစ္စတာရိုလန်က ခေါင်းတညိတ်ညိတ်နားထောင်ရင်းမရှင်းတာကို ပြန်မေး၊ ရှင်မင်းရှင်းပြနှင့်အချိန်ကတရွေ့ရွေ့ကုန်သွားခဲ့၏ ။

''ကျောက်တန်းရေလည်ဘုရားမသွားခင်ကိုယ်တို့တစ်ခုခုစားကြမှ ဖြစ်မယ်၊ ကိုယ်ဗိုက်ဆာနေပြီရှင်မင်းသွယ်''

''ဟုတ်ကဲ့မစ္စတာရိုလန်၊နိုင်ငံခြားသားတွေ အတွက်အစားအသောက် ကောင်းကောင်းရနိုင်တဲ့ နေရာကိုဒရိုင်ဘာသိမှာ ပါ''

''နိုးတို့ မြန်မာထမင်းဟင်းကိုပဲစားချင်တာပါရှင်မင်းသွယ်''

သူ့ဆန္ဒအတိုင်း မြန်မာထမင်းဆိုင်တစ်ဆိုင်ကိုရှင်မင်းလိုက်ပို့ပေးရသည်။ မစ္စတာရိုလန်ကဒရိုင်ဘာပုဂ္ဂိုလ်ကိုပါတစ်ဝိုင်းတည်းအတူဝင်စားဖို့ ခေါ်သည်။

မစ္စတာရိုလန်၏ ခွဲခြားမှု မရှိသော စိတ်ထားလေးကိုတော့ရှင်မင်း
လေးစားမိသည်။

အသားဟင်းတွေ စုံလင်အောင်မှာ ထားပေမယ့်မစ္စတာရိုလန်ကငပိရည်နှင့်
တို့စရာတွေ ကိုပဲစားနေတာမို့ရှင်မင်းနှင့်တက္ကစီဒရိုင်ဘာတောင်တအံ့တသြ
ငေးကြည့်မိတဲ့အထိပါပဲ။

ထမင်းစားသောက်ပြီး
ငွေရှင်းတော့မစ္စတာရိုလန်ကရှင်မင်းကိုဘဏ်ကဒ်လေးကမ်းပေးသည်။

''ဒီဒေသမှာ အဲဒီ ဘဏ်ကဒ်နဲ့မရဘူးမစ္စတာ''

''အိုဟုတ်လား ဆောရီး''

မစ္စတာရိုလန်အိတ်ထဲက ဒေါ်လာငွေတွေ
ထုတ်ပေးနေပြန်တာမို့ရှင်မင်းလက်ကာတားရင်းကျသင့်ငွေကိုထုတ်ရှင်းပေးလိုက် ၏ ။

''ဒီငွေတွေ ယူထားပါရှင်မင်း၊ရန်ကုန်ရောက်ရင် မြန်မာငွေနဲ့လဲပေးပေါ့''

''ကောင်းပါပြီမစ္စတာရိုလန်''

စားသောက်ပြီးတော့မှ ရေလည်ဘုရားသို့ သွားရန်စီစဉ်ကြသည်။
တက္ကစီဒရိုင်ဘာကမလိုက်တော့ဘဲရှင်မင်းတို့ ပြန်လာတာကိုပဲ စောင့်ပေးမည် ဆိုသည်။

ရှင်မင်း လှေတစ်စီးစင်းလုံးငှားဖို့စီစဉ်သည်။ ရေလည်ဘုရားကိုရှင်မင်း
လေးငါးကြိမ်မက ရောက်ဖူးနေတာမို့အဆင်ပြေပါသည်။

ငှားထားသော
လှေပေါ်တက်တော့မစ္စတာရိုလန်ကရှင်မင်းကိုအရင်ဆုံးတက်စေသည်။
ရှင်မင်းလှမ်းတက်ပြီးမှမစ္စတာရိုလန် လှေပေါ်လှမ်းတက်စဉ်မှာ ပဲ

ဝတ်ထားသော ရှူး ဖိနပ်
ချော်ထွက်သွားတာမို့မစ္စတာရိုလန်ခန္ဓာကိုယ်ကြီးယိုင်ထိုးသွားခဲ့သည်။ရှင်မင်းစိုးရိမ်စွာ

လက်ကိုလှမ်းဆွဲထိန်းပေးမိပေမယ့်

"အိုအမေ့"

"အာ ဆောရီး"

လူးလွန့်သွားသော လှေပေါ်မှာ မစ္စတာရိုလန်
နောက်ပြန်လန်လဲကျသွားတော့ရှင်မင်းခန္ဓာကိုယ်လေးကသူ့ရင်ခွင်ထဲမှာ
ပုံလျက်သားပါသွားခဲ့သည်။

မစ္စတာရိုလန်တော့ဘယ်လို ဖြစ်သွားခဲ့သည်မသိပါ။ရှင်မင်းမှာ
တော့ခန္ဓာကိုယ်လေးကသူ့ရင်ခွင်ထဲမှာ ပုံလျက်သားပါသွားခဲ့သည်။

မစ္စတာရိုလန်တော့ဘယ်လို ဖြစ်သွားခဲ့သည်မသိပါ။ရှင်မင်းမှာ
တော့ခန္ဓာကိုယ်ကိုသူ့ရင်ခွင်ကျယ်ကြီးကခံပေးထားခဲ့တာမို့နာကျင်မှု မရှိသည့် တိုင်
လှေစောင်းနှင့်ရိုက်မိသော ဘယ်လက်ကောက်ဝတ် ကတော့နာကျင်သွားခဲ့သည်။

ဝေဒနာထက်မွှန်ထူနေသော ရက်စိတ်တွေ ကြောင့် ရှင်မင်းကသော
ကမျောလေးလူးလဲထမိသည်။သူကလည်းရှင်မင်းအတွက်စိုးရိမ်စွာ ဆုပ်ကိုင်ထားသော
လက်ကိုမလွှတ်ဘဲ ပြန်လူးလဲထရပ်၏ ။

ကမ်းပေါ်ကပိုင်းကြည့်နေသော မျက်ဝန်းတွေ အောက်မှာ ရှင်မင်းရက်စိတ်တွေ
ထူပူလို့မျက်နှာလေးရဲရဲနီနေသည်။သူ
ကတော့ပတ်ဝန်းကျင်ကိုလုံးဝဂရုမစိုက်ဘဲရှင်မင်းကိုပဲငုံ့ကြည့်ကာ

"ရှင်မင်းသွယ်ဘာ ဖြစ်သွားသေးလဲဟင်"

"ဟင့်အင်းဘာမှမ ဖြစ်အဲနိုးနိုး"

ရှင်မင်းကယောင်ကတမ်းနှင့် မြန်မာဘာသာစကားနှင့် ပြန်
ပြောမိပြီးမှသတိရကာဘာမှမ ဖြစ်ကြောင်းသူနားလည်အောင်အင်္ဂလိပ်ဘာသာစကားနှင့်
ငြင်းရ၏ ။

လှေကကျဉ်းကျဉ်းမို့ရှင်မင်းအ ဖြစ်ကသူ့ရင်ခွင်ကြီးထဲမှာ ရောက်နေသလို ဖြစ်နေဆဲ။သူကလည်းရှင်မင်းလက်ဖဝါးလေးကိုဆုပ်ကိုင်ထားဆဲ။

''ရရပါပြီလွှတ်ပါမစ္စတာရိုလန်''

''ဆောရီးကိုယ်မင်းအတွက်စိုးရိမ်သွားလို့ပါရှင်မင်းသွယ်''

မစ္စတာရိုလန်လက်ကိုလွှတ်ပေးတော့မှရှင်မင်း လှေဝမ်း လေးထဲမှာ အသာထိုင်ချလိုက်သည်။မစ္စတာရိုလန်လည်း ပြန်ထိုင်ရင်းရှင်မင်းကိုကြည့်နေသည်။

''ကလေးမလက် တော် တော် နာသွားပုံရတယ် မောင်ရင်လေး၊ လှေဘေးနံရံနဲ့ရိုက်မိတာကိုး''

လှေသမားဦးလေးကြီးကရှင်မင်းလက်နာတာကိုသိတာမို့မစ္စတာရိုလန်ကို ပြောနေ၏ ။ရှင်မင်းသည်တော့မှ လှေစောင်းနှင့်ရိုက်မိသော ဘယ်လက်ကောက်ဝတ်ကနာကျင်မှု ကိုခံစားမျက်နှာလေးရှုံ့မဲ့မိရင်း

''သူကနိုင်ငံခြားသားဆိုတော့ဦးလေးစကားကိုနားလည်မှာ မဟုတ်ဘူး''

''ဟင်ဟုတ်လား၊ကျုပ်က မြန်မာပဲမှတ်နေတာ၊ နေဦးဦးလေးမှာ ဒဏ်ကြေလိမ်းဆေးပါတယ်၊သမီးသက်သာအောင်လိမ်းထားလိုက်''

လှေသမားကြီးက ပြောပြောဆိုဆိုစလွယ်သိုင်းလွယ်ထားသော အိတ်ထဲကဒဏ်ကြေလိမ်းဆေးဘူးကိုထုတ်ပေးသည်။သူကရှင်မင်းတို့နှစ် ယောက် ပြောနေတာတွေ ကိုကြည့်နေရင်း

''ရှင်မင်းသွယ်မင်းလက်ကနာသွားတာလား''

''ဟိုနည်းနည်း နာတာပါမစ္စတာရိုလန်၊ရပါတယ်''

''ပေး ဆေးဘူး၊ကိုယ့်ကိုပေးကိုယ်လူးပေးပါ့မယ်''

ရှင်မင်း ငြင်းလို့မရနိုင်ခင်မှာ ဘဲသူက လှေသမားကြီးလက်ထဲက

ဆေးဘူးကိုလှမ်းယူဖွင့်ပြီးနေပြီ။

တဆစ်ဆစ်နာကျင်နေသော ရှင်မင်းလက်ကောက်ဝတ်ကိုဆွဲကိုင်ယူပြီးသူ ဆေးလိမ်းပေးသည်။

''ကိုယ်စိတ်မကောင်းလိုက်တာရှင်မင်းသွယ်ရယ်၊ကိုယ့် ကြောင့် မင်းအနာတရ ဖြစ်သွားတာစိတ်မကောင်းဘူး''

တတွတ်တွတ်ပြောရင်းလက်ကို ဆေးလိမ်းပေးရုံမကဘဲ ဘောင်းဘီအိတ်ထဲကလက်ကိုင်ပဝါလေးထုတ်ကာဒဏ်ရာကိုစည်း နှောင်ပေးဖို့ ပြင်နေတာမို့

''အိုမလုပ်ပါနဲ့မစ္စတာ၊လက်ကိုင်ပဝါကအသစ်ကြီး''

''ဘာ ဖြစ်လဲရှင်မင်းသွယ်၊မင်းဒဏ်ရာကိုစည်းပေးမလို့ပါ''

''ဟင့်အင်းမလုပ်ပါနဲ့နမျောစရာ''

''မလိုပါဘူးရှင်မင်းသွယ်ရဲ့ ၊ပဝါကဒဏ်ရာထက်အရေး မကြီးပါဘူး''

ရှင်မင်းကရှန်းလိုက်သူကရှန်းလိုက်နှင့် ဖြစ်နေတာကို လေ့သမားကြီးကပြုံး ကြည့်နေတော့ရှင်မင်းရှက်လာသည်။ရှင်မင်းတို့စကားတွေ ကိုနားမလည်တော့ လေ့သမားကြီးအထင်လွဲသွားမှာ စိုးတာမို့ငြိမ်နေလိုက်ရ၏ ။

သူကဒဏ်ရာကိုလက်ကိုင်ပဝါနှင့်စည်းနှောင်ပေးပြီး ဆေးဘူးကို လေ့သမားကြီးထံကမ်းပေးရင်း

''သင့်ခယူမဲရီးသင့်ခယူ''

''မလိုဘူးမလိုဘူးရတယ်၊အာကျူပ်ကအင်္ဂလိပ်စာမတတ် တော့အခက်ပဲကလေးမရေ''

လေ့သမားကြီးက ခေါင်းတကုပ်ကုပ်နှင့် ပြောတော့ရှင်မင်း ဝေဒနာကို မေ့ကာသဘောကျစွာ ရယ်မိရင်း

"အပင်းပင်းရတယ်ဦးလေး၊သူက ကျေးရူးအရမ်းတင် ကြောင်း ပြောနေတာပါ"

"အေး အေးသမီးအမျိုးသားကနိုင်ငံခြားသားပေမယ့်စာနာကြင်နာတတ်သားပဲ၊ ဆံပင်အရောင် ကြောင့် သာနိုင်ငံခြားသားထင်နေရတာ ၊တကယ့် မြန်မာရုပ်ပဲကွ နော်"

ရှင်မင်းမျက်နှာပန်းရောင် သမ်းသွားရပြန်ပါသည်။ လှေသမားကြီးကလည်းရှင်မင်းနှင့်သူ့ကိုလင်မယားဟုထင်နေပြန်ပြီထင်ရဲ့ ။

"ရှင်မင်းဒီကမိတ်ဆွေကြီးကဘာတွေ ပြောနေတာလဲ"

မေးပြန်ပြီ။ရှင်မင်းထူထူပူပူမျက်နှာနှင့်ပဲလိမ်ရပြန်၏ ။

"သြော်သူ့ဆေးကဒဏ်ရာကိုအမြန်သက်သာစေတယ်လို့ရှင်းပြနေတာပါမစ္စတာ

မစ္စတာရိုလန်မျက်ခုံးတွေ ပင့်တက်သွားပြီးမှသဘောကျသလို ပြုံး သည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် ဘာကိုသဘောကျမှန်းမသိရှိနေပြန်သည်။

လှေကလေး ရေလည်ဘုရားရင်ပြင်မှာ အတူလျှောက်ခဲ့ကြချိန်မှာ ရှင်မင်းလက်ကဒဏ်ရာကနည်းနည်း တော့နာကျင်နေဆဲ။

မစ္စတာရိုလန်အတွက်အနှောင့်အယှက် ဖြစ်မှာ စိုးတာကြောင့် ရှင်မင်း ဝေဒနာကိုဥပေက္ခာပြုပြီးသူ မေးတာတွေ ဖြေရင်းဘုရားဖူး ဖြစ်ခဲ့၏ ။

မစ္စတာရိုလန် ကတော့ဘာတွေ ဆုတောင်းဝတ်ပြုနေသည်မသိပါ။ဘုရားဝတ်ပြု နေတာအကြာကြီးပါပဲ။

ရှင်မင်းရပ်စောင့်ရင်းမစ္စတာရိုလန်ကို ငေးငေးလေးအကဲခတ်ကြည့်မိသည်။ မစ္စတာရိုလန်ဘုရားဝတ်ပြုပုံက မြန်မာလူမျိုးတစ် ယောက် နှင့်မခြားပါ။

မစ္စတာရိုလန်ရဲ့ အကြောင်းကိုရှင်မင်းမသိတာမို့စဉ်းစား တွေ းတောစရာတွေ ကတပုံတပင်ကြီး ဖြစ်နေသည်။အမေရိကန်နိုင်ငံမှာ နေသည်ဆိုသော မစ္စတာရိုဟန်သည်အနောက်တိုင်းသားအစစ်မဟုတ်တာတော့ခန့်မှန်းမိသည်။

အရှေ့တိုင်းသား တစ်ယောက် ရဲ့ ရုပ်သွင်ပြင်တွေ

ကမစ္စတာရိုလန်မျက်နှာပေါ်မှာ မြင်နေရသည်။ မြန်မာစကားမတတ်တာကြောင့် မြန်မာလူမျိုးတော့မဟုတ်နိုင်ပါ။

ရှင်မင်းကိုယ့်အတွေ းနှင့်ကိုယ် ေးတွေ းနေတုန်းမှာ

ပဲမစ္စတာရိုလန်မျက်နှာပေါ်မှာ မြင်နေရသည်။ မြန်မာစကားမတတ်တာကြောင့် မြန်မာလူမျိုးတော့မဟုတ်နိုင်ပါ။

ပင်လယ်လေတစ်ချက်ဝေ့ခနဲတိုးလာတော့ရှင်မင်းရင်ထဲစိမ့်ခနဲ

အေးသွားတာမို့ပခုံးလေးတွေ ကျုံ့ သွား၏ ။ဒါကိုပဲမစ္စတာရိုလန်က မြင် ဖြစ်အောင်

မြင်သွားခဲ့ကာ

"ရှင်မင်းသွယ်မင်းဘာ ဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

မေးလည်းမေးမစ္စတာရိုလန်ရဲ့ လက်ဖဝါးလည်းရှင်မင်းနဖူးပြင်လေးဆီလာထိပြီးဖြစ်နေ၏ ။

"ဟင်မင်းကိုယ်တွေ ပူနေတာပဲ"

"ဟိုရပါတယ်မစ္စတာ"

"တို့ကြောင့် ဖြစ်ရတာ ၊ရင်ထဲမကောင်းဘူးကွာ၊ ပြန်ကြရအောင်

နော်ရှင်မင်းသွယ်"

"မစ္စတာရိုလန်သွားချင်တဲ့ဆီ သွားပါ၊ရှင်မင်းဘာမှမ ဖြစ်ပါဘူး"

ရှင်မင်း ပြောတော့သူ ခေါင်းကိုခါရင်းရှင်မင်းကိုကြည့်သည်။

ပြီးမှလက်မှကိုင်ထားသော မီးခိုးရောင်

ကုတ်အင်္ကျီကိုရှင်မင်းခန္ဓာကိုယ်လေးပေါ်လွှားတင်ပေး၏ ။

"ဒါလေးခြုံထားလိုက်၊မင်း လေစိမ်းတိုက်သက်သာတာပေါ့"

ရှင်မင်းမငြင်းတော့ပါ။

အခုမှဒဏ်ရာကပိုနာလာသလိုလူကလည်းဖျားချင်သလိုလိုရှိန်းမြမြ ဖြစ်လာ၏ ။နှစ် ဦးသား လှေကလေးဆီ ပြန်လာခဲ့ကြသည်။ရှင်မင်းကိုတွဲ ခေါ်လာကာကုတ်အင်္ကျီလေးပါလွှားခြုံ ပေးထားတာ မြင်တော့ လှေသမားကြီးပြုံး နေ၏ ။

ရှင်မင်းရှက်လည်းမရှက်နိုင်တော့ပါ။ လှေပေါ်အတက်မှာ သူကကူတွဲ ပြီးရှင်မင်းကို ဖေးဖေးမမတွဲ တင်ပေးသည်။

ဘုရားက လှေကလေးငြိမ့်ငြိမ့်လေး မောင်းထွက်လာတော့ရှင်မင်းသူ့ကိုအားနာစွာ ကြည့်ရင်း

''ရှင်မင်းစိတ်မကောင်းပါဘူးမစ္စတာရိုလန်၊ရှင်မင်းကြောင့် ဒီနေ့မစ္စတာလွတ်လွတ်လပ်လပ်လုပ်ခွင့်မရတာ တောင်းပန်ပါတယ် နော်''

''တောင်းပန်ရမှာ မင်းမဟုတ်ပါဘူး၊ကိုယ်ပါ၊ကိုယ့်ကြောင့် မင်းဒဏ်ရာရသွားတာမဟုတ်လား၊လက်ကနာသေးလား''

''အင်းနည်းနည်း တော့နာလာတယ်၊ စောစောက ဆေးလူးထားတော့ထုပ့်ပြီးသိပ်မနာဘူး''

တကယ်လည်းရှင်မင်းလက်ကအနားကအခုမှပဲပိုလို့တဆစ်ဆစ်နာလာသည်။ သူ့မျက်ဝန်းတွေ ကရှင်မင်းကိုစာနာရိပ်တွေ ဖြာလျက်ကြည့်နေခဲ့၏ ။

လှေပေါ်ကဆင်းတော့အသင့်ကြိုစောင့်နေသော တက္ကစီကား လေးပေါ်ကိုလည်းသူရှင်မင်းကို ဖေးမတွဲ ခေါ်လာပေးသည်။

''ရှင်မင်းသွယ် ဆေးခန်းအရင်ဝင်ပြရအောင်နော်၊မင်းဖျားနေတာ သေချာတယ်''

ရှင်မင်းလက်ဖဝါးလေးကိုဆုပ်ကိုင်ပြီးသူ ပြောတော့ရှင်မင်း ခေါင်းလေးညိတ်ပြမိသည်။အခုပဲအဖျားရှိန်ကြောင့် လူက မှေးချင်နေပြီ။

''ကူရှင်မှာ မင်းမှီထိုင်နေလိုက်၊အိပ်တော့အိပ်မပျော်စေနဲ့ နော်၊ပိုပြီးအဖျားတွေ တိုးလာမှာ စိုးလို့ ပြောတာ''

ရှင်မင်း ခေါင်းလေးညိတ်ပြကာကူရှင်မှာ မီလိုက်သည်။ တက္ကစီဒရိုင်ဘာကအနီးဆုံး ဆေးခန်းတစ်ခုကိုဦးတည်မောင်းပေး၏ ။

ရှင်မင်းကားပေါ်ကဆင်းတော့သူ့ရဲ့ စေတနာနှင့်တွဲ ပို့ပေးတာကိုလည်းမငြင်းပယ်ချင်တော့ပါ။

ဆရာဝန် မေးသမျှရှင်မင်းကိုယ်တိုင်ပဲရှင်းပြမိသည်။သူ ကတော့ရှင်မင်းတို့ ပြောနေတာကိုနားမလည်ပါဘဲနှင့် ခေါင်းညိတ်ကာနံဘေးကရပ်နားထောင်နေသေးပြန်သည်။

''လမ်းမှာ ဒဏ်ရာအနာသက်သာအောင် ဆေးတစ်လုံးထိုး ပေးလိုက် ပါ့မယ်၊ ဒဏ်ရာကနည်းနည်း ပြင်းတော့အဆစ်ယောင်နေတယ်''

''ဟုတ်ကဲ့ပါဆရာ''

ဆရာဝန်က ဆေးထိုးပေးဖို့ ပြင်ဆင်နေတော့ရှင်မင်းခုတင်အနီးမှာ ရပ်နေသော သူ့ကို လေသံတိုးတိုးနှင့် တောင်းပန်စကားဆိုမိ၏ ။

''မစ္စတာရိုလန်ရှင်မင်း ဆေးထိုးရမှာ မို့အပြင်ခဏထွက်ပေးပါနော်''

''ဟင်ဘာ ဖြစ်လို့လဲရှင်မင်းသွယ်ရဲ့ ''

''ဟိုခဏလေးပါကျွန်မဟိုလေဟို''

ရှင်မင်းမျက်နှာလေးရဲနေတာအဖျားရှိန်တစ်ခုတည်းကြောင့် မဟုတ်မှန်းသူသိလိုက်ပုံရပါသည်။သဘောကျသလိုမျက်နှာကပြုံး ရိပ်သမ်းသွားရင်း

''အဟွန်းရှင်မင်းရယ်၊ဒါရှက်စရာမဟုတ်ပါဘူး၊ကိုယ်မင်းအနားမှာ ပဲရှိနေခွင့်ပေးပါနော်''

ခက်တော့ခက်နေပါပြီ။ရှင်မင်း ပြောရခက်အောင်သူက နေရာကတစ်လှမ်းတောင်မရွေ့ပါလား။ ဒေါက်တာက ဆေးထိုးပေး တော့ရှင်မင်းသူ့ကိုမျက်နှာပူကာမျက်ဝန်းတွေ ကိုမှိတ်ထားမိသည်။

''သက်သာရဲ့ လားရှင်မင်းသွယ်၊သိပ်မနာပါဘူး''

သူ့အသံကြောင့် ရှင်မင်းမျက်ဝန်းတွေ ဖွင့်ကြည့်မိကာမျက်နှာတပြင်လုံးထူပူသွားတော့၏ ။ရှင်မင်း၏ အနားမှာ ပဲသူရှိနေကာ ဆေးထိုးထားသော နေရာကိုလက်ဖမိုးလေးနှင့် သူပွတ်ချေပေးနေသည်။

''ရရတယ်မစ္စတာရိုလန်၊ရပါပြီအအကျွတ်ကျွတ်''

ရှင်မင်းရှက်စိတ်တွေ နှင့်လူးလဲထမိလိုက်စဉ်ဒဏ်ရာနှင့်လက်ကိုအားပြု ထောက်မိတာမို့မျက်နှာလေးမဲ့ခနဲ ဖြစ်သွားကာညည်းမိ၏ ။သူကရှင်မင်းပခုံးလေးကို ဖေးမထိန်းပေးရင်း

''ဒဏ်ရာနဲ့လက်ကိုသတိထားလေရှင်မင်းသွယ်''

''ဟုတ်ဟုတ်ကဲ့မစ္စတာရိုလန်၊ ကျေးဇူးတင်ပါတယ်''

ဒေါက်တာကဒဏ်ရာကိုလိမ်းဆေးလူးပေးသည်။ ပတ်တီးနှင့်ပါချည်နှောင်ပေးရင်းစိုးရိမ်စွာ မှာ သေး၏ ။

''အကောင်းဆုံးကအရိုးအကြောအထူးကုနဲ့ပြပြီးလိုအပ်ရင်ဓာတ်မှန်ရိုက်ကြည့်လို ကျွန်တော် ကတော့ဒဏ်ရာသက်သာအောင် သောက်ဆေးပါ ပေးလိုက် ပါ့မယ်''

''ဟုတ်ကဲ့ရပါတယ် ဒေါက်တာ၊ရန်ကုန်ရောက်ရင် ပြလိုက်ပါ့မယ်''

ရှင်မင်းနှင့်ဆရာဝန် ပြောနေတာတွေ ကိုသူဘာမှမသိနိုင်တာမို့ ဆေးခန်းကထွက်ခဲ့သည်အထိရှင်မင်းဘာမှမပြောဘဲ နေလိုက်၏ ။ မစ္စတာရိုလန်သိသွားလျှင်စိုးရိမ်ပြီး ဆေးရုံဆေးခန်းတွေ ထပ်ဝင်နေမှာ စိုးရသည်။

ကားလေး မောင်းထွက်ခဲ့တော့မှမစ္စတာရိုလန်ရှင်မင်းကို ငေးကြည့်နေရင်း

''ရှင်မင်းသွယ်မင်းဒဏ်ရာကိုကိုယ်စိုးရိမ်တယ်''

''ရှင်ဘာမှမ ဖြစ်ပါဘူးမစ္စတာရိုလန်၊အခုတောင်သက်သာ နေပါပြီ''

''ရန်ကုန်ရောက်ရင်အရိုးအကြောအထူးကုနဲ့ ပြကြည့်ရ အောင်''

ရှင်မင်းစိုးရိမ်နေသည့်အတိုင်းသူက ပြောလာတာမို့ရှင်မင်း ခေါင်းကိုခါရမ်းရင်း

''အဲဒီ လောက်မစိုးရိမ်ရပါဘူးရှင်၊ရှင်မင်းသိပါတယ်၊အခု တောင်အတော်သက်သာနေပြီ''

''သေချာအောင်ဓာတ်မှန်ရိုက်ကြည့်တာ ကောင်းမယ်''

''ဟင့်အင်းကျွန်မအိမ်ကိုပဲအရင်တန်းပြန်ချင်တယ်မစ္စတာရိုလန်၊ ဒဏ်ရာမသက်သာမှ ဆေးခန်းပြလို့ရပါတယ်၊အခုသိသိသာသာသက်သာနေလို့ပါ''

ရှင်မင်းစကားကြောင့် သူဇွတ်မပြောတော့ဘဲ ခေါင်းလေးညိတ်လက်ခံသည်။ ရှင်မင်းတက္ကစီသမားကိုဟိုတယ်ကို မောင်းခိုင်းသည်။

''ရှင်မင်းသွယ်ကိုယ်မင်းအိမ်ကိုလိုက်ခဲ့ချင်တယ် ဖြစ်သလား''

''ရှင်''

''မင်းကိုလိုက်ပို့ပေးပြီးမှကိုယ် ပြန်မယ်လေ၊ဒါကိုတော့မင်းခွင့်ပြု ပေးနိုင်မယ်ထင်ပါတယ်''

သူ့ရဲ့ စေတနာအရိပ်တို့ ဖြာလဲ့နေသော မျက်ဝန်းတွေ ကိုကြည့်ပြီးရှင်မင်း ခေါင်းလေးညိတ်လိုက်ရတော့သည်။ တက္ကစီသမားကိုလည်းအိမ်ကိုပဲဦးတည်မောင်းခိုင်းလိုက်ရပါသည်။

ကားကူရှင်လေးမှာ ခေါင်းမှီရင်းရှင်မင်းငြိမ်သက်စွာ ပဲလိုက်ခဲ့သည်။ ဆေးအရှိန်ကြောင့် လူကအိပ်ချင်သလိုခံစားရပေမယ့်ရှင်မင်းမျက်လုံးလေးမှိတ်ကာ မှေးနေလိုက်ပါသည်။

သတိလွတ်ကာရှင်မင်း မှေးခနဲအိပ်ပျော်သွားပြီးဖျတ်ခနဲ ပြန်နိုးလာချိန်မှာ သူ့ရင်ခွင်ထဲ ရောက်နေပြီ။ရှင်မင်းမျက်ဝန်းတွေ ထိတ်လန့်စွာ ဖွင့်ပြီးသူ့ရင်ခွင်ထဲကလူးလဲထမိ၏ ။

''ဆောရီးမစ္စတာရိုလန်၊ရှင်မင်းအိပ်ပျော်သွားတယ်ထင်ပါရဲ့ ''

''ဟုတ်တယ်မင်းအိပ်ပျော်နေတာနာရီဝက်ကျော်ပြီ၊ အခုသက်သာတယ်မို့လားဟင်''

''ရှင်ဟုတ်ကဲ့''

ရှက်လွန်းလို့ရှင်မင်းသူ့မျက်နှာကိုတောင်ရဲရဲမကြည့်ရဲတော့ပါ။ သတိထားနေသည့်ကြားကအိပ်ပျော်သွားခဲ့သည်။ကူရှင်ပေါ်မှသူ့ရင်ခွင်ထဲ ခေါင်းမှီကျသွားတာတောင်မသိလိုက်သည့်အ ဖြစ်။

မျက်နှာတွေ ပူကာအပြင်ကိုလှမ်းကြည့်တော့မှရှင်မင်းတို့အိမ်နားတောင် ရောက်နေပြီ။

''ကားဆရာ ရှေ့ကပျဉ်ထောင်အိမ်လေးပဲ''

ရှင်မင်း ပြောတော့တက္ကစီဒရိုင်ဘာ ခေါင်းညိတ်ပြရင်းပျဉ်ထောင်အိမ်လေးရှေ့မှာ ကားကိုထိုးရပ်သည်။မစ္စတာရိုလန်မျက်ဝန်း တွေ ကဝါးစည်းရိုးလေးကာရံထားသော ခြံဝင်းထဲကအိမ်လေးကိုလှမ်းကြည့်နေသည်။

ဘာကြောင့် မှန်းမသိဘဲရှင်မင်းစိတ်ထဲမှာ တော့သိမ်ငယ်စိတ်လေးဝင်သွားမိသည်။သည့်အိမ်လေးကရှင်မင်း နေသည့်အိမ် လေးဆိုတာသူသိသွားရင်အထင်သေးသွားမှာ လား။

မစ္စတာရိုလန်ကားတံခါးဖွင့်ဆင်းရင်းရှင်မင်းကိုလည်းဆင်းဖို့တံခါးဖွင့်ပေးသည်။ ရှင်မင်း ချက်ချင်း မဆင်းသေးဘဲအိမ်တံခါးဆီလှမ်းကြည့်မိ၏ ။တံခါးဝမှာ မေမေ့ကိုလှမ်းမြင်သည်။

ရှင်မင်းလက်ကဒဏ်ရာကြီးကို မေမေ ချက်ချင်း မမြင်မသိ စေချင်ပါ။ မေမေထိတ်လန့်စိုးရိမ်သွားမှာ စိုးသည်။

''ရှင်မင်းဆင်းလေ၊ဘာ ဖြစ်လို့လဲ၊အနာမသက်သာဘူးလား''

''သက်သာပါတယ်၊ မေမေကပတ်တီးကြီးကို မြင်ပြီးလန့်သွားမှာ စိုးလို့ပါ၊ရှင်မင်း မေမေကစိုးရိမ်တတ်လို့''

ရှင်မင်းစကားကိုသူနားလည်သလို ခေါင်းညိတ်ရင်း

''ဒါဆိုကိုယ့်ကုတ်အင်္ကျီကိုမင်းလက်ပေါ်တင်ထားလိုက်လေ၊မင်း မေမေ ချက်ချင်း မမြင်နိုင်တော့ဘူးပေါ့''

သူပြောမှပဲရှင်မင်းသတိရကာသူ့ကုတ်အင်္ကျီနှင့်လက်ကိုဖုံးကွယ်ထားလိုက်ပါသည် ကားပေါ်ကဆင်းတော့ မေမေ ခြံတံခါးဝအနား ရောက်နေပြီ။

''သမီးဒီနေ့လည်း စောသားပဲ၊ဧည့်သည်ပါလာလားသမီး''

''ဧည့်သည်မဟုတ်ပါဘူး မေမေ၊ကုမ္ပဏီကဧည့်သည်ပါ''

''ဟင်ဟုတ်လား''

မေမေအံ့သြကာမစ္စတာရိုလန်ကိုကြည့်နေတာရှင်မင်းနားလည်ပါသည်။ မစ္စတာရိုလန်ပုံကနိုင်ငံခြားသားနှင့်မတူတာကြောင့် ပဲ ဖြစ်မည် ။

''ကိုယ့်ကိုအိမ်ထဲဝင်ခွင့်မပေးတော့ဘူးလားရှင်မင်းသွယ်၊ မင်းမိခင်နဲ့လည်းမိတ်ဆက်ပေးပါလား''

မစ္စတာရိုလန်က တောင်းဆိုတော့ရှင်မင်း ခေါင်းလေးညိတ်ပြီး ပြုံး ပြရင်း

''ခွင့်ပြုပါတယ်မစ္စတာရိုလန်၊ ဒါပေမဲ့ရှင်မင်းတို့အိမ်ကအခုမစ္စတာတည်းခိုနေတဲ့ဟိုတယ်ခန်းနဲ့တော့အရမ်းကွာပါတယ်၊ မစ္စတာရိုလန်မနေတတ်မှာ စိုးလို့ပါ''

''ပြဿ နာမရှိပါဘူးရှင်မင်းသွယ်၊ကိုယ်ခဏတော့တက်ပါ့မယ်''

''ဟုတ်ကဲ့ကြွပါမစ္စတာရိုလန်''

ရှင်မင်းအိမ်ပေါ်တက်ဖို့ ခေါ်ရင်းတက္ကစီဒရိုင်ဘာကိုလည်းခဏလောက်

စောင့်ပေးဖို့မှာ ရသည်။

မေမေကရှင်မင်းတို့နှစ် ယောက်

ဘာတွပြောနေသလဲနားမလည်ပေမယ့်မစ္စတာရိုလန်ကိုတော့ခင်မင်ဖိတ်ခေါ်ဟန် ပြုံး ပြရင်း ရှေ့ကဦးဆောင်ခေါ်သွားခဲ့သည်။

အိမ်ပေါ်ရောက်တော့ရှင်မင်းဧည့်ခန်းထဲကဆက်တီကြိမ်ကုလားထိုင်မှာ ထိုင်ခိုင်းရတာ အားနာမိသည်။ဒါပေမဲ့သူ ကတော့အပြုံး မပျက်ပါ။ ဒဏ်ရာကိုသတိမေ့ကာသူ့ကုတ်အင်္ကျီကိုရှင်မင်းလှမ်းပေးတော့

"ဟင်သမီးလက်ကဘာ ဖြစ်တာလဲ"

"သြော်မစိုးရိမ်ပါနဲ့ မေမေ၊ လှေစီးရင်းခိုက်မိတာပါ၊ဘာမှမ ဖြစ်ဘူး ဆေးခန်းပြခဲ့တာ၊သက်သာနေပါပြီ မေမေရဲ့ "

မေမေ့မျက်နှာပေါ်ကစိုးရိမ်မှု တွေ ပြေသွားပေမယ့်တစ်ခုခု ပြောချင်နေပုံရသည်။ဧည့်သည်ရှိနေတာမို့ မေမေဘာမှမမေးနိုင်။ရှင်မင်းကလည်း မေမေ့ကိုမစ္စတာရိုလန်နဲ့မိတ်ဆက်ပေးလိုက် သည်။

မေမေနှင့်သူအပြုံး တွေ နှင့် ခေါင်းတွေ ကိုယ်စီညိတ်ကာအသိအမှတ်ပြု ကြသည်။

"သမီးဧည့်သည်ကိုတစ်ခုခု ကျွေးပါဦး"

မေမေကသတိပေးသလို ပြောသည်။ ရှင်မင်းလှည့်ကြည့်တော့သူရှင်မင်းကိုတစ်လှည့် မေမေ့ကိုတစ်လှည့်ကြည့်နေတာမို့

"မေမေကမစ္စတာရိုလန်ကိုတစ်ခုခု ကျွေးမွေးဧည့်ခံခိုင်း နေတာလေ၊ မစ္စတာရိုလန် ကော်ဖီသောက်မလားဟင်"

"ဟင့်အင်းမသောက်တော့ဘူးရှင်မင်းသွယ်၊ မင်းတို့သားအမိကိုကြည့်ပြီးကိုယ်စိတ်ချမ်းသာနေတာပါ၊ကဲကိုယ်သွားတော့မယ်၊ခွင့်ပြု

ပါဦးမင်း မေမေကိုလည်းနှုတ်ဆက်ပါတယ်"

ရှင်မင်း ခေါင်းလေးညိတ်ပြရင်း မေမေ့ကိုလည်း ပြန်ပြောပြရ၏ ။ မေမေကအားတုံ့အားနာနှင့်

"သမီးကလည်းကွယ်တစ်ခုခု ကျွေးဦးမှပေါ့ကွယ်၊အခုပဲ ရောက်ပြန်ကြီးဘယ်ကောင်းမလဲ"

"သူကဟိုတယ်ပြန်ရဦးမှာ မေမေရဲ့ ၊သမီးတို့ဘာမှမဆာ တော့လို့ပါ၊ နောင်ကြုံဦးမှာ ပေါ့ မေမေရယ်"

"အေး

အေးသမီးညွှေ့သည့်ကနိုင်ငံခြားသားသာဆိုပေမယ့်နိုင်ငံခြားသားပုံမပေါက်ဘူးနော်၊ မေမေ ရွှေတိဂုံဘုရားမှာ ဆုံဖူးတဲ့နိုင်ငံခြားသားတွေ နဲ့တကယ့်တခြားစီပဲ"

မေမေမမျှသိပ်နိုင်ဘဲ ပြောနေတာကိုရှင်မင်းပြုံး ပြုံး လေး ခေါင်းညိတ်ပြရင်းမစ္စတာရိုလန်ကိုလည်းနှုတ်ဆက်မိ၏ ။

"ဂွတ်ဘိုင်ပါမစ္စတာရိုလန်၊ဟိုတယ်ရောက်ရင်တော့ကျွန်မဆီဖုန်း ဖြစ် ဖြစ်မက်ဆေ့ချ်ဖြစ် ဖြစ်ပို့ပေးပါ"

"ဘာလို့လဲရှင်မင်းသွယ်၊ကိုယ့်အတွက်စိတ်ပူလို့လား"

သူ့စကားကြောင့် ရှင်မင်းရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားမိ၏ ။ မေမေ့ရှေ့မှာ မို့ထိန်းရင်း

"ရှင်မင်းမှာ တာဝန်ရှိလို့ပါမစ္စတာရိုလန်"

"အင်းကိုယ် ကတော့မင်းမဆက်ခိုင်းလည်းဆက်ရမှာ ပဲ၊မင်းကိုစိတ်ပူလို့ပါ၊ ဆေးတွေ သောက်နော်၊ကားပေါ်မှာ တုန်းကမင်းအိပ်ပျော်နေတာကြည့်ပြီးကိုယ်သနားတယ်၊ မင်းသက်သက်သာသာအနားယူပါကွဲကိုယ်ညခြောက်နာရီဖုန်းဆက်မယ်နော်"

နှုတ်ဆက်ပြီးဆင်းသွားတာကိုရှင်မင်းတံခါးဝကရပ်ကြည့် နေမိသည်။

တက္ကစီကားလေးမထွက်ခင်သူရှင်မင်းကိုလက်ပြသေး၏ ။

ဘာကြောင့် မှန်းမသိသူ့စကားသံတွေ ကရှင်မင်းရင်ထဲမှာ
ပဲ့တင်ကျန်ရစ်ခဲ့သည်။

သူဖုန်းဆက်ဦးမည် ဆိုတာ ပြန်ကြားမိပြန်တော့ရင်ထဲမှာ ကျေနပ်ချင်သလိုလို။

မဟုတ်သေးပါဘူး။ရှင်မင်းဘာတွေ ဖြစ်နေတာလဲ။သူနဲ့ရှင်မင်းကြားမှာ
ရှိသင့်သော ရင်းနှီးမှု တွေ ထက်မပိုသင့်ပါဘူး။အခုအခြေအနေကဒီထက်ပိုမိုနေပြီလား။

မလွယ်ပါလားမစ္စတာရိုလန်ရယ်။

*